မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်

၅-၁-၂၀၁၀

နမ့်စန်	-၁	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၁	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၁	ဒီဂရီစင်တီဂရိတ်
ဟားခါး	၁	ဒီဂရီစင်တီဂရိတ်
လားရှိုး	၂	ဒီဂရီစင်တီဂရိတ်
အမ်း	၂	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၃	ဒီဂရီစင်တီဂရိတ်

အမိမြန်မာနိုင်ငံတော်ကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဖော်ဆောင်

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ အန္တရာယ်ကို အစဉ်အမြဲ သတိစွဲလျက် မှန်ကန်သည့် အမျိုးသားရေးမူဝါဒ၊ ထက်သန်သည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အမိမြန်မာနိုင်ငံတော်ကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဖော်ဆောင်ကြရပေမည်။ ယခုအခါ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ စားဝတ်နေမှု ပြည့်စုံလုံခြုံရေးတို့အတွက် စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ ထိုသို့အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် ခံယူပြီး အားသွန်ခွန်စိုက် တည်ဆောက်နေခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးနေခြင်းပင် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

မျိုးဆက်သစ်လူငယ်များ ခေတ်မီနည်းပညာများ တတ်ကျွမ်းပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး အလေးထားဆောင်ရွက်ပေးနေ နည်းပညာခေတ်၏ စိန်ခေါ်မှုများကို အမီလိုက်နေသော ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ စွမ်းဆောင်ချက်များ

သတင်းဆောင်းပါး - ဝင်းနိုင် ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့ နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာ မြင်ရ၊ ဖတ်ရတော့ အလွန်ပဲ ဝမ်းမြောက်ပီတိ ဖြစ်မိပါတယ်။ မိမိတို့နိုင်ငံ သူတစ်ပါးလက်အောက် ကျွန်ဘဝရောက်ခဲ့စဉ်က နိုင်ငံရဲ့ မြေပေါ်မြေအောက် သယံဇာတတွေကို နယ်ချဲ့ရဲ့ ကုပ်သွေးစုပ် ခြယ်လှယ်ခြင်းခံခဲ့ရပါတယ်။ ကျွန်ဘဝသာ မရောက်ခဲ့ရင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ်နဲ့ မြန်မာဆိုတာ ကမ္ဘာ့အလယ်မှာ ခေါင်းမော့ ရင်ကော့ပြီး ဝင့်ဝင့်ထည်ထည်နဲ့ ရပ်တည်နေနိုင်မှာ အမှန်ပါပဲ။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့သည် မြန်မာ့ဆက်သွယ်ရေးကဏ္ဍကို အရှိန်အဟုန်မြင့်တင်ရာ၌ အဓိက ဆောင်ကြဉ်းပေးလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၀ခုနှစ် ဇန်နဝါရီ ၆ ရက်)

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဖြည့်ဆည်းဖော်ဆောင်

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်နှင့် ကုန်စည်များကို အချိန်တိုအတွင်း များများသယ်ယူ ပို့ဆောင်နိုင်သော လုပ်ငန်းဖြစ်သည့်အပြင် အချိန်မှန်ကန်မှု၊ သက်သောင့်သက်သာရှိမှု၊ စရိတ်စက သက်သာမှုတို့ကြောင့် ပြည်သူများ၏အားထားရာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်တွင် ရထားလမ်းများကို အဆင့်မြှင့်တင်ပေးပြီး ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးခဲ့ရာ ယခုအခါ မုံရွာမြို့ပတ်ရထားလမ်း၏အစိတ်အပိုင်းဖြစ်သည့် အရှည်မိုင် ၅ဒသမ၂၅မိုင်ရှိ အောင်သာ- ဗောဓိတထောင်ရထားလမ်းပိုင်းကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်က ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်အနေဖြင့် ရထားလမ်းသစ်များ ဖောက်လုပ်ပေးခဲ့ရာတွင် ပုသိမ်-ဟသ်ာတ-ကြံခင်းလမ်းကို ပခုက္ကူအထိ အသစ်ဖောက်လုပ်လျက်ရှိပြီး ပုသိမ်-အိမ်မဲ-ညောင်တုန်း-လှိုင်သာယာ ရထားလမ်းကိုလည်း ဧရာဝတီ မြစ်ကူးတံတား အသစ်တစ်စင်းနှင့်အတူ ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၁၉၈၈ခုနှစ်တွင် မုံရွာမြို့နေလူဦးရေသည် တစ်သိန်းကျော်သာရှိပြီး ယခုအခါ မုံရွာမြို့နေ လူဦးရေသည် ၂၅၀၀၀၀ကျော်အထိ ရှိလာခဲ့ရာ ယင်းလူဦးရေအရ မြို့တွင်းယာဉ်သွားလာမှု ပြည့်ကျပ်လာခြင်းကို ထိန်းချုပ်နိုင်ရန်နှင့် ယာဉ်စီးခသက်သာမှုရှိသည့်အပြင် လုံခြုံမှုရှိသောရထားဖြင့် ခရီးသွားလာနိုင်စေရေးအတွက် မြို့ပတ်ရထားလမ်းဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယခုဖွင့်လှစ်ခဲ့သော မြို့ပတ်ရထားလမ်းသည် နည်းပညာတက္ကသိုလ်(မုံရွာ) ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာခုနစ်ရွာမှပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းအဝဝ အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး စရိတ်စက သက်သာစွာဖြင့် သွားလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်သူများယုံကြည်အားထားရာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ရထားလမ်းများကို ပြည်ထောင်စုအနှံ့ ကွန်ရက်သဖွယ် ဆက်စပ်ဖောက်လုပ်ပေးလျက်ရှိရာ ဒေသတစ်ခုနှင့် တစ်ခုအကြား လွယ်ကူစွာကူးလူးဆက်သွယ် သွားလာနိုင်ကြပြီဖြစ်၍ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးစည်ပင်လာခဲ့ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့)
(နံနက်+နေ့လယ်+ည)
၇-၁-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုလိမာလသုတ်-ဗောဇ္ဈင်္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိ အသိရှိစေဖို့ (လူအချင်းချင်း အထင်သေးစိတ်)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (အောင်ကိုလတ်)
၁၁း၄၅ သိပ္ပံပညာ သိကောင်းစရာ (နာနိုနည်းပညာ)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန်/တေးပဒေသာ
၁၂း၂၀ ယဉ်ကျေးမှု အနုပညာ (ကြည့်ကန်ရှင်ကြီး မေတ္တာစာ)
၁၂း၃၀ Music Talk (5) တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရ တေးလက်ဆောင်
၁၇း၀၀ ဘဝတစ်ကွေ့ အတွေ့အကြုံ(ဇွဲ)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ သီချင်းပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း(ငွေချည်-၆ ဝါစိုက်ကြပါ)
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ် သိစေဖွယ်(ရေပင့်ကူ)
၁၉း၄၀ ရေဒီယိုအတိုတ် တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ (အကယ်ဒမီများရှင် ခင်သီတာထွန်း)
၂၀း၅၀ တေးသံစုံ-စန္ဒရားနီနီအဖွဲ့ စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး(ဆေးသုတ်သမားနှင့် မျက်မမြင်)
၂၁း၁၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း ကဏ္ဍ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဇန်နဝါရီ ၂ရက် ညနေပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ လေဆိပ်အဝင်လမ်းဆောင်ရွက်နေမှု၊ ခရီးသည်ပင်မဆောင်ဆောက်လုပ်နေမှု၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် ရက်မများကွန်ကရစ်လောင်းခြင်း၊ Column တိုင် ကွန်ကရစ်လောင်းခြင်းဆောင်ရွက်နေမှု၊ Column တိုင်များ သံဆက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ အဆောက်အအုံမှ ရေဆိုးထုတ်ဌာန၏ ဆောင်ရွက်ပြီးစီးမှု၊ North Pier တည်ဆောက်ပြီးစီးမှု၊ လေယာဉ်သွားလမ်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လေယာဉ်ပြေးလမ်း မြေသားလုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းရရှိရေးအတွက် အလေးဂရုပြုဆောင်ရွက်ရန်၊ အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့များက သတ်မှတ်နည်းစနစ်များအတိုင်း စစ်ဆေးဆောင်ရွက်ရန်နှင့် မိုးမကျမီ အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းလျာထားချက်များရေးဆွဲ၍ ဆောင်ရွက်ရန်၊ မြေသား လုပ်ငန်းများဆောင်ရွက်ပြီးသော လေယာဉ်သွားလမ်းနေရာများတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အမြန်ဆုံးစတင်ဆောင်ရွက်ရန်နှင့် ရေထုတ်မြောင်းမကြီးများကို တစ်ပြိုင်တည်းထည့်သွင်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပင်လုံမြို့၌ ၂၀၀၉ခုနှစ် ဒီဇင်ဘာအားကစားလ လူပ်ရှားမှု အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၄ရက်မှ ၂၀ရက်အထိ ကျင်းပခဲ့ရာ ဆုရရှိသည့် အသင်းများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မှာကြား

ထို့နောက် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများက အရေးကြီးပုဂ္ဂိုလ်နားနေဆောင် ဆောက်လုပ်နေမှု၊ ကားပါကင်လုပ်ငန်း ဆောင်ရွက်နေမှု၊ Control Tower တည်ဆောက်မှု၊ လေဆိပ်အဝင်လမ်းမြေသားလုပ်ငန်းဆောင်ရွက်မှု၊ ရေမြောင်းလုပ်ငန်းဆောင်ရွက်မှု၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ လေဆိပ်အဆောက်အအုံအတွက် လိုအပ်သော ရေလုံလောက်စွာရရှိရေး၊ မြစ်ရေစုပ်တင်ခြင်းနှင့် မြေအောက်ရေ စုပ်ယူရရှိရေးအတွက် Water Treatment Plant များပါဝင်သည့် ရေသန့်စင်စက်ရုံများ တည်ဆောက် အသုံးပြုဆောင်ရွက်သွားရေးနှင့် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကာကွယ်ရေး ချမ်းအေးသာစံ၌ ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၅

ပွင့်လင်းရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများကို မန္တလေးတိုင်း မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်အလိုက် ရပ်ကွက်များကို ဖြန့်ကြက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၂ရက်က မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်သို့ ကွင်းဆင်းစစ်ဆေးသည်။**(အပေါ်ပုံ)**

တစိုက်မတ်မတ်

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်သည် မန္တလေး ခရိုင်အရန်မီးသတ်ကြီးကြပ်ရေး ကော်မတီဝင်တပ်ခွဲမှူး မြင့်သန်း၊ တပ်ခွဲမှူး မျိုးညွှန့်၊ ရုံးအဖွဲ့ ဒုတိယတပ်ခွဲမှူး အောင်ဝင်းနိုင်တို့ လိုက်ပါလျက် ပြည်ကြီးပျော်ဘွယ်အနောက် အရန်မီးသတ်စခန်းသို့ ရောက်ရှိရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကိုကိုနိုင်နှင့် အဖွဲ့ဝင်များ၊တပ်စုမှူးငွေးမောင်နှင့် တပ်ဖွဲ့ဝင်များအား တွေ့ဆုံပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်က ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ နိုင်ငံပိုင်ပစ္စည်း၊ အများပြည်သူတို့၏ အသက် အိုးအိမ်များ မီးဘေးကင်းဝေးစေရေးအတွက် တစိုက်မတ်မတ် အားထည့်ဆောင်ရွက်ကြရန် ပြောကြားသည်။

စစ်ဆေး

ထို့နောက် မီးသတ်ယာဉ်တောင့်တင်းခိုင်မာမှုရှိမရှိ၊ အသင့်အနေအထားရှိမရှိ၊ စက်နှိုး၍ အချက်ပြမီးများ၊ အချက်ပေးဥသြများ၊ ဆီ၊ ရေ၊ လေတို့ကို စစ်ဆေးပြီး စခန်းတာဝန်ချထားမှု၊ စခန်းဝန်းကျင်သန့်ရှင်းမှုတို့ကိုပါ စစ်ဆေးသည်။ **(ဝ၉ဝ)**

စွမ်းဆောင်ရည်နှင့် ထိုးထွင်းကြံဆတတ်သည့် စွမ်းရည်များ မြင့်မားရေးကြိုးစား အရည်အချင်းပြည့်ဝသော မီဒီယာသမားကောင်းဝန်ထမ်းများဖြစ်အောင် အားထုတ် အရည်အသွေးများ မြှင့်တင်ပြီး လက်တွေ့နယ်ပယ်၌ ထိရောက်စွာ အသုံးချ

နေပြည်တော် ဇန်နဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းရည်မြှင့် သင်တန်း (၁/၂၀၀၉)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထွေထွေမန်နေဂျာများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့် ဝန်ကြီးဌာနမှဝန်ထမ်းများ တက်ရောက်ကြသည်။

ကြိုးစားဖော်ဆောင်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ ယခု သင်တန်းဆင်းပွဲ အခါသမယသည် ၂၀၁၀ ခုနှစ်၏ နှစ်စဖြစ်၍ စိတ်သစ်၊ ကိုယ်သစ်၊ ခွန်အားသစ်များဖြင့် မိမိ၏အကျိုး၊ ဌာန၏အကျိုး၊ တိုင်းပြည်၏အကျိုးများကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး အသိတရားနှင့်ယှဉ်ပြီး သတိတရားနှင့် ပေါင်းစပ်ဆောင်ရွက်လာအောင် မိမိတို့ဝန်ထမ်းများက ကြိုးစားဖော်ဆောင်ကြရမှာဖြစ်ကြောင်း။

ထိရောက်အောင် အသုံးချ

ယခုသင်တန်းမှ သင်တန်းသား သင်တန်းသူများကို စွမ်းဆောင်ရည်နှင့် အရည်အသွေးများမြှင့်တင်ပေးပြီးဖြစ်၍ လက်တွေ့နယ်ပယ်၌ ထိရောက်အောင် အသုံးချရမှာဖြစ်ကြောင်း။

မှာကြား

သင်တန်း၏ ရည်ရွယ်ချက်(၂)ရပ် ဖြစ်သည့် အမျိုးသားအကျိုးစီးပွား ဘက်တော်သား၊ အရည်အသွေးမြင့်မားသော မီဒီယာသမားကောင်းများ ဖြစ်လာစေရန်နှင့် စိတ်ပိုင်းဆိုင်ရာအရည်အသွေး၊ လုပ်ငန်းပိုင်းဆိုင်ရာ အတွေးအခေါ်နှင့် ကျွမ်းကျင်မှု မြင့်မားစေရန်ဟူသည့် ရည်ရွယ်ချက်များနှင့်အညီ သင်တန်းသားများကိုယ်တိုင်က အစွမ်းအစ၊ စွမ်းဆောင်ရည်နှင့် ထိုးထွင်းကြံဆလုပ်ဆောင်တတ်သည့် စွမ်းရည်များကို ပိုမိုမြင့်မားလာအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအားလုံးသည် မိမိကိုယ်မိမိ မီဒီယာသမားများအဖြစ်ခံယူပြီး အမျိုးသားအကျိုးစီးပွားကို အခြေခံ၍ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ကြိုးစားအားထုတ်

သင်တန်းသားများနှင့် ဝန်ထမ်းများအနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အချင်းပြည့်ဝသော မီဒီယာသမားကောင်းများ၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန်နှင့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စွမ်းရည်မြှင့်သင်တန်း၌ လက်တွေ့ဟောပြောရာတွင် အကောင်းဆုံးဆုရရှိသူကသအမှတ်(၂၃) ဦးယဉ်မင်းအောင်အား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားခေါင်းဆောင်အားလည်းကောင်း၊ သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြတစ်ဦးအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ စွမ်းရည်မြှင့်သင်တန်း (၁/၂၀၀၉)သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၂၅ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၄ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စွမ်းရည်မြှင့်သင်တန်း (၁/၂၀၀၉)သင်တန်းဆင်းပွဲတွင် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းရည်မြှင့်သင်တန်း (၁/၂၀၀၉)သင်တန်းဆင်းပွဲတွင် သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြတစ်ဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းရုံး ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံး (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့သစ်ရှိ အဆိုပါ အသင်းရုံး၌ ကျင်းပရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သစ်တောရေးရာ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အသင်းဝင်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းရုံး နေပြည်တော်ကမွည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ်၊ပြာသိုလပြည့်ကျော် ၇ ရက်
(အဖိတ်နေ့)
၆-၁-၂၀၁၀(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၄၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ သံသာချိုအေးမင်္ဂလာတေး
၈:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၃၀ ၉။ မြို့ကြီးသားယဉ်ကျေးမှု
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၈:၅၅ ၁၂။ စစ်တောင်းတံတား(မုပ္ပလင်)
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၁၅ ၃။ စိုက်ပါပျိုးပါမြန်မာ့မြေလွှာ ဝင်ငွေလည်းရ ဝမ်းလည်းဝ
၄:၂၅ ၄။ တေးဂီတအစီအစဉ် သီချင်းကြီးပဒေသာ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ သီချင်းကြီးပဒေသာ
၅:၀၅ ၈။ **ရိုးသားစွာကြိုးစားပါ**
၅:၃၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၄၀ ၁၀။ ရုပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ မြန်မာ့ဓလေ့ ရိုးရာလက်ဇွေ့
၆:၃၀ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၀၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇:၃၀ ၁၆။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၉)
၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **အနင်းခံမြက်** ခန့်စည်သူ၊ ခိုင်သင်းကြည်၊ ဘုန်းလျှံ (ဒါရိုက်တာ-ညီညီထွန်းလွင်)
၂၂။ အစီအစဉ်ပြီး၏။

အသင်းရုံးဖွင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်တို့ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းရုံး (နေပြည်တော်)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

တရုတ်ပုံနှိပ်လုပ်ငန်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အားပေးမည်

ပေကျင်း ဇန်နဝါရီ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပုံနှိပ်ထုတ်ဝေရေးကဏ္ဍ ပိုမိုတိုးတက်အောင် ပုဂ္ဂလိကလုပ်ငန်းများကို အားပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၃ရက်တွင် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ထုတ်ဝေခွင့်

ပုဂ္ဂလိကပုံနှိပ်လုပ်ငန်းများသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာစာအုပ်များ၊ ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာစာအုပ်များ၊ ကျောင်းသုံးစာအုပ်များအတွက် အချပ်ပိုဖြည့်စွက်ချက်များ၊ ဂီတနှင့်အနုပညာဆိုင်ရာစာအုပ်များ၊ ကလေးများအတွက် စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေခွင့်ရရှိကြမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ထုတ်ဝေမည့်လမ်းညွှန်စာအုပ်တွင် ပုဂ္ဂလိက စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်များ ပင်လယ်ရပ်ခြားဈေးကွက်ရှာရာ၌ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ကျိုနန်မြို့၌ တရုတ်ကျားနှစ်ကို ကြိုဆိုသောအားဖြင့် ရိုးရာလက်မှုပညာရှင် စုထန်းကျန်းက ကြက်ဥပေါ်၌ ကျားရုပ်များရေးဆွဲထားသည်ကို ဇန်နဝါရီ ၅ရက်တွင် တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီရန်သမ္မတ အာရှအလယ်ပိုင်းနိုင်ငံများသို့ ခရီးထွက်ခွာ

တီဟီရန် ဇန်နဝါရီ ၅

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် အာရှအလယ်ပိုင်းနိုင်ငံများဖြစ်သည့် တာ့ခ်မင်နစ္စတန်နိုင်ငံနှင့် တာဂျစ်ကစ္စတန်နိုင်ငံများသို့ သုံးရက်ကြာ တရားဝင်ခရီးအဖြစ် ဇန်နဝါရီ ၄ရက်တွင် အီရန်နိုင်ငံမှ ထွက်ခွာသွားပြီဖြစ်ကြောင်း အီရန်သတင်းဌာနက သတင်းထုတ်ပြန်သည်။

တာ့ခ်မင်နစ္စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံခေါင်းဆောင်များ၏ ဖိတ်ကြားချက်အရ နိုင်ငံရေးရာနှင့်စီးပွားရေး ထိပ်တန်းအဆင့်မြင့်အရာရှိများကို ဦးဆောင်၍ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက် ခရီးထွက်ခွာသွားခြင်းဖြစ်သည်။

တိုးမြှင့်

ယင်းခရီးစဉ်အတွင်း ဒုတိယမြောက် အီရန်-တာ့ခ်မင်နစ္စတန် ဓာတ်ငွေ့ပိုက်လိုင်း ဖွင့်ပွဲသို့လည်းတက်ရောက်မည်ဖြစ်သည်။ ယင်းဓာတ်ငွေ့ပိုက်လိုင်းမှနေ၍ တာ့ခ်မင်နစ္စတန်မှ အီရန်နိုင်ငံသို့ နှစ်စဉ်ဓာတ်ငွေ့ ကုဗမီတာ ၁၄ဘီလီယံကို တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်သည်ဟုဆိုသည်။

သဘောတူညီ

ထို့ပြင် အာမက်ဒီနီဂျက်၏ တာဂျစ်ကစ္စတန်နိုင်ငံ ခရီးစဉ်၌လည်း အီရန်-တာဂျစ်ကစ္စတန် နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုများကိုလည်း လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း ယင်းသတင်း၌ပါရှိသည်။ **(အင်တာနက်)**

တောင်ကိုရီးယား ကာကွယ်ရေးပစ္စည်းတင်ပို့မှု ၂၀၀၉ခုနှစ်၌ စံချိန်တင်မြင့်တက်

ဆိုးလ် ဇန်နဝါရီ ၅

တောင်ကိုရီးယားအစိုးရ၏ အားပေးထောက်ပံ့မှုကြောင့် ၎င်းနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းတင်ပို့မှုမှာ ၂၀၀၉ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၁၇ဘီလီယံရရှိခဲ့ပြီး ယမန်နှစ်ကထက် ၁၃ရာခိုင်နှုန်း စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

မျှော်မှန်းထား

တောင်ကိုရီးယား ကာကွယ်ရေးပစ္စည်းတင်ပို့မှုမှာ မူလမျှော်မှန်းထားသည့် အမေရိကန်ဒေါ်လာ ၁ဒသမ ၂ဘီလီယံသို့ ပြည့်မီရန် အနည်းငယ်သာလိုတော့ကြောင်း ဒီအေပီအေ၏ သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

အမေရိကန်၊ ဂျာမနီနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှာ တောင်ကိုရီးယား ကာကွယ်ရေးပစ္စည်း အများဆုံးဝယ်ယူသည့်နိုင်ငံများဖြစ်သည်။ ၂၀၁၂ခုနှစ်အရောက်တွင် လက်နက်ထုတ်လုပ်တင်ပို့ရောင်းချသည့် ကမ္ဘာ့ထိပ်တန်း ၁၀နိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံပါဝင်လာရေးအတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရီးစ်မြို့၌ ကုန်တင်ကားနှင့်ဘတ်စ်ကား ခေါင်းချင်းဆိုင်တိုက်မိပြီးနောက် အဆောက်အအုံတစ်ခုအတွင်း ကုန်တင်ကားထိုးဝင်သွားသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုစီးပွားဖွံ့ဖြိုးမှု နောင်ငါးနှစ်အတွင်း ပိုမိုမြင့်တက်ရန် ရည်မှန်းထား

ဂျကာတာ ဇန်နဝါရီ ၅

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် နှစ်ချင်းအလိုက် ၆ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လျက်ရှိရာ နောင်လာမည့် ငါးနှစ်တာကာလအတွင်း ၂၀၁၄ခုနှစ်အရောက်တွင် ၇ရာခိုင်နှုန်းမြင့်တက်နိုင်ရန် ရည်မှန်းထားရှိကြောင်း သမ္မတဆူစီလိုဘန်ဘန်း၏ ပြောကြားချက်ကို ဇန်နဝါရီ ၄ရက်တွင် ဂျကာတာ ပို့စ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

မြင့်မား

၎င်းနိုင်ငံ၏ ၂၀၀၉ခုနှစ် စီးပွားရေးနယ်ပယ်တွင် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆၅ဘီလီယံရရှိရာ ကုန်သွယ်မှုပမာဏ မြင့်မားလာခြင်းကြောင့်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

၂၀၁၄ခုနှစ်အရောက်တွင် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ရရှိနိုင်ရေးကို ရည်မှန်းဆောင်ရွက်မည်ဖြစ်သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုစတိုးဆိုင်၌ ဒေါ်လာ ၃သန်းကျော်ဖိုး လက်ပတ်နာရီများအခိုးခံရ

တိုကျို ဇန်နဝါရီ ၅

ဂျပန်နိုင်ငံရှိ လက်ဝတ်ရတနာဆိုင်တစ်ဆိုင်၏ ကွန်ကရစ်နံရံကို သူခိုးများက အပေါက်ဖောက်ပြီး အမေရိကန်ဒေါ်လာ ၃ဒသမ၂သန်းဖိုးခန့်ရှိ လက်ပတ်နာရီများကို ခိုးယူသွားကြောင်း သတင်းရရှိသည်။

ခိုးယူသွား

တိုကျိုမြို့တွင်ခေတ်ဆန်သော အသစ်အဆန်းပစ္စည်းများ ရောင်းချသည့် ဂင်ဇာဈေးရိုတန်ရှိဒိုစတိုးဆိုင်မှ အဖိုးတန်နာရီအလုံး ၂၀၀ခန့်ကို ယင်းကဲ့သို့ခိုးယူသွားခြင်းဖြစ်ကြောင်းမြို့တော်ရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ တန်ရှိဒိုစတိုးဆိုင်နှင့်ကပ်လျက်ရှိသော အဆောက်အအုံတစ်လုံးအကြားရှိ ကွန်ကရစ်နံရံကို ဖောက်ပြီး အထဲသို့ဝင်ရောက်ခိုးယူသွားခြင်းဖြစ်ကြောင်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ်က ဇန်နဝါရီ ၃ ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

ပစိဖိတ်သမုဒ္ဒရာအတွင်း ဇန်နဝါရီ ၄ရက်၌ ရစ်ချ်တာစကေး ၇ဒသမ ၂ရှိ ငလျင် လှုပ်ခဲ့ပြီးနောက် ဆော်လမွန်ကျွန်းစု၌ ဆူနာမီဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၁၀၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘီလာရုစ်သို့ ရေနံတင်ပို့ရောင်းချမှု ရုရှားရပ်တန့်ထားမည်မဟုတ်ဟု ပြောကြား

မော်စကို ဇန်နဝါရီ ၅

ဘီလာရုစ်ရေနံချက်စက်ရုံများသို့ ရေနံရောင်းချမှုရပ်တန့်ထားမည်ဟူသော သတင်းများမဟုတ်မှန်ကြောင်း ရုရှားနိုင်ငံက ဇန်နဝါရီ ၃ ရက်တွင် ငြင်းဆိုလိုက်သည်။

ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့အကြား နောက်ထပ်ရေနံဈေးနှုန်းသတ်မှတ်ရေးကိစ္စနှင့်ပတ်သက်၍ အငြင်းပွားနေခြင်းအပေါ် စိုးရိမ်မှုများတိုးပွားနေချိန်၌ ယင်းကဲ့သို့ ငြင်းပယ်လိုက်ခြင်းဖြစ်သည်။

ဆွေးနွေး

ရုရှားအစိုးရနှင့် ဘီလာရုစ်အစိုးရအကြား ဆွေးနွေးမှုများ ပြန်လည်ပြုလုပ်နေပြီဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ်အတွက် နှစ်သစ်ကူး သဘောတူစာချုပ်ချုပ်ဆိုရေးကိစ္စ ကနဦးဆွေးနွေးပွဲများ မအောင်မြင်ဖြစ်ခဲ့ပြီးနောက် ရက်ပိုင်းမျှသာ ကြာသေးသည့်အချိန်တွင် ယင်းကဲ့သို့ နောက်ထပ်ဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း ရုရှားအစိုးရအရာရှိများက ပြောကြားသည်။

ဖော်ပြ

စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်နေစဉ် စွမ်းအင်သယ်ယူပို့ဆောင်ရေးကိစ္စကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ရုရှားစွမ်းအင်ဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အိုင်ရီနာယေဆီပိုဗာက ပြောကြားသည်ဟု အာရ်အိုင်အေနိုဗော့စတီးသတင်းဌာနက ကိုးကားဖော်ပြသည်။ **(အင်တာနက်)**

ဂါဇာနယ်စပ်ဂိတ် အစ္စရေးပြန်ဖွင့်ပေး

ဂါဇာ ဇန်နဝါရီ ၅

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ နယ်စပ်ဂိတ်တစ်ဂိတ်ကို ဇန်နဝါရီ ၃ရက်တွင် အစ္စရေးအစိုးရက ပြန်လည်ဖွင့်ပေးလိုက်သည်။

ညှိနှိုင်း

ကီရမ်ရှလွန် နယ်စပ်ဂိတ်မှနေ၍ လူသားချင်းစာနာထောက်ထားမှုအတွက် အကူအညီပေးသည့် ကုန်ပစ္စည်းများနှင့် စက်သုံးဆီတင်ယာဉ် ထရပ်ကား ၇၄ စီးကို အစ္စရေးအာဏာပိုင်များက ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ဂါဇာကမ်းမြောင်သို့ ကုန်ပစ္စည်းတင်ပို့မှု ညှိနှိုင်းရေးအဖွဲ့အကြီးအကဲ ရာအိဖာတိုးက ပြောကြားသည်။

ခွင့်ပြု

ထို့ပြင် ဂါဇာကမ်းမြောင်မှ လယ်သမားများအတွက် ၂၀၁၀ခုနှစ် မေလကုန်အထိ ဂါဇာကမ်းမြောင်ဒေသမှ ပန်းများနှင့် စတော်ဘယ်ရီသီးများကို ဥရောပသို့ တင်ပို့နိုင်ရေးအတွက် အစ္စရေးအစိုးရက ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသကို ၂၀၀၇ခုနှစ်မှ စတင်ကာ ဟားမတ်စ်တို့အုပ်စိုးပြီးချိန်မှစ၍ အစ္စရေးအစိုးရက ယခုကဲ့သို့ ကုန်သွယ်မှုပြုလုပ်ခွင့်ပေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

အိန္ဒိယသံမဏိစက်ရုံ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

နယူးဒေလီ ဇန်နဝါရီ ၅

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်တွင် ဇန်နဝါရီ ၄ရက်က ရာကီလာသံမဏိစက်ရုံမှ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ရှစ်ဦးထက်မနည်း နာမကျန်းဖြစ်ရကြောင်း ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးက ပြောကြားသည်။

စိုးရိမ်ရ

အဆိုပါစက်ရုံရှိ မီးပြင်းဖိုတစ်ခု ပေါက်ကွဲရာမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆေးရုံသို့ ရှစ်ဦးတင်လိုက်ရကြောင်း ၎င်းတို့အနက်လေးဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ လမ်းဘေးဗုံးပေါက် နယ်ခြားစောင့်နှစ်ဦးသေဆုံး

ဂါဇနီ ဇန်နဝါရီ ၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဇာဘူးလ်ပြည်နယ်၌ အာဖဂန်နယ်ခြားစောင့်တပ်ဖွဲ့ လိုက်ပါလာသော မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံးထိမှန်သဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း ဇန်နဝါရီ ၃ရက်တွင် ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ ဂူလန်ဂျီလာနီခမ်က ပြောကြားသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် တာလီဘန်တို့၏ လက်ချက်ဖြစ်ကြောင်းနှင့် တာလီဘန်များသည် ပြည်နယ်အတွင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ပျက်ပြားစေရန်အတွက် တိုက်ခိုက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ကမ္ဘာ့လူဦးရေ အတိုးအဆုတ်

တိုး ရေးသားသည်

လက်ရှိအချိန် ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂ ရက်က ကမ္ဘာ့လူဦးရေမှာ ၆၇၉၃၈၀၀၀၀၀ ရှိကြောင်း အမေရိကန်သန်းခေါင်စာရင်းဗျူရိုက ခန့်မှန်းကြေညာထားသည်။

ဆက်လက်တိုးနေ

ကမ္ဘာ့လူဦးရေမှာ ၁၄ ရာစုက ကမ္ဘာ့ရောဂါကပ်ဘေးဆိုးကြီး ကြုံတွေ့ပြီးနောက် ဆက်လက်၍တိုးတက်လာခဲ့သည်။ ကမ္ဘာ့လူဦးရေ အမြန်ဆုံးတိုးနှုန်းများကို၁၉၅၀ခုလွန်နှစ်များအတွင်းက ၁ ဒသမ ၈ ရာခိုင်နှုန်းကျော်တွေ့ရပြီး ၁၉၆၀ ခုလွန်နှစ်များနှင့် ၁၉၇၀ ခုလွန်နှစ်များတွင် ပိုမိုအချိန်ကြာကြာလူဦးရေတိုးနေသည်ကိုတွေ့ရသည်ဟု ဆိုသည်။ လူဦးရေခန့်မှန်းချက်များအရ ကမ္ဘာ့လူဦးရေသည် အနည်းဆုံး၂၀၅၀ ခုနှစ်အထိ ဆက်လက်တိုးနေဦးမည်ဖြစ်သည်။ ၁၉၆၃ ခုနှစ်က ရောက်ရှိခဲ့သည့် တစ်နှစ် ၂ ဒသမ ၂ရာခိုင်နှုန်း စံချိန်တင်ခဲ့သည့်နောက်ပိုင်း ၂၀၀၈ ခုနှစ်လူဦးရေတိုးနှုန်းမှာ ထက်ဝက်အထိသာ ရောက်ခဲ့သည်။

ခန့်မှန်းထား

ကမ္ဘာတစ်ဝန်းကလေးမွေးမှုမှာ ၁၉၉၀ ခုလွန်နှစ်များနှောင်းပိုင်းက ၁၆၃ သန်း အများဆုံးရှိခဲ့ပြီးနောက် နှစ်စဉ်မွေးဖွားလာသည့် ကလေးဦးရေမှာ ၁၃၄ သန်းနှုန်းဖြင့် တန့်နေသည်။ သို့သော် တစ်နှစ်လျှင် သေဆုံးသူဦးရေ ၅၇ သန်းသာရှိသည်။ ၂၀၅၀ ခုနှစ်အရောက်တွင် သေဆုံးသူ သန်း၉၀အထိ တိုးမည်ဟု ခန့်မှန်းထားသည်။ သေဆုံးသူအရေအတွက်ထက် မွေးဖွားလာသူဦးရေက ပိုများနေသည့်အတွက် ၂၀၄၀ခုနှစ်တွင် ကမ္ဘာ့လူဦးရေမှာ ၉ဘီလီယံအထိ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

ဘီစီ ၇၀၀၀၀ နောက်ပိုင်း လယ်ယာစိုက်ပျိုးရေး မဖွံ့ဖြိုးမီ လူသားတို့အသက်ရှင်နေထိုင်ရေးအတွက် အမဲလိုက် သားငါးရှာဖွေစားသောက်ချိန်က ကမ္ဘာ့လူဦးရေမှာ တစ်သန်းခန့်သာရှိသည်။

လျော့နည်းသွား

ခရစ်သက္ကရာဇ် ၃၀၀နှင့် ၄၀၀အကြား အရှေ့နှင့်အနောက် ရောမအင်ပါယာနှစ်ရပ်ပေါင်း လူဦးရေမှာ ၅၅သန်းကျော်ရှိမည်ဟု ခန့်မှန်းရသည်။ ပလိပ်ကပ်ရောဂါကြောင့် ဥရောပလူဦးရေမှာ ၅၀ရာခိုင်နှုန်း လျော့နည်းသွားသည်။ ၁၄ရာစုတွင် ထိုပလိပ်ရောဂါကပ်ဆိုးကြောင့် ကမ္ဘာ့လူဦးရေမှာ ခန့်မှန်းခြေသန်း ၄၅၀ရှိရာမှ သန်း၃၅၀နှင့် ၃၇၅သန်းကြားအထိ ကျဆင်းလျော့နည်းသွားသည်။ ၁၃၄၀ခုနှစ်က လူဦးရေပြန်ရောက်အောင် ဥရောပအနေဖြင့် ပျမ်းမျှနှစ်ပေါင်း ၂၀၀ခန့် အချိန်ယူရသည်။

ရောက်ရှိလာ

တရုတ်ပြည်တွင် မင်မင်းဆက် စတင်ထူထောင်စဉ် ၁၃၆၈ခုနှစ်၌ လူဦးရေ သန်း၆၀ နီးပါးရှိရာမှ ၁၆၄၄ခုနှစ်တွင် လူဦးရေ သန်း ၁၅၀နီးပါးအထိ တက်လာသည်။ အင်္ဂလန်၏လူဦးရေသည် ၁၅၀၀ပြည့်နှစ်တွင် ၂ဒသမ၆ သန်းရှိခဲ့ရာမှ ၁၆၅၀ခုနှစ်တွင် ၅ဒသမ ၆သန်းအထိ ရောက်ရှိလာသည်။

အထောက်အကူဖြစ်

၁၆ရာစုတွင် အမေရိကတိုက်မှ သီးနှံသစ်များ အာရှနှင့်ဥရောပသို့ ရောက်ရှိလာမှုက လူဦးရေတိုးတက်မှုကို အထောက်အကူ ဖြစ်စေသည်။ ဥရောပမှ နယ်ပယ်သစ်ရှာသူများ၊ ကမ္ဘာသစ်မှ ဒေသခံတိုင်းရင်းသားများနှင့် အမေရိကန်လူမျိုးတို့အကြား ကွာခြားမှုတစ်ရပ်ကို ရေးဟောင်းသုတေသန ရှာဖွေတွေ့ရှိချက်က ညွှန်ပြနေသည့်အရာမှာ ဒေသခံများတွင် ကျောက်ရောဂါ၊ ဝက်သက်နှင့် တုပ်ကွေးရောဂါများကို ရင်ဆိုင်ကာ အတုံးအရုံး သေဆုံးချိန်တွင် နယ်ပယ်သစ်ရှာသူများအနေဖြင့် ကာကွယ်ဆေးများထိုးနှံကာမည်သို့မျှ အထိခိုက်မခံရပေ။

သက်တမ်းပိုရှည်

လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုတော်လှန်ရေးများအတွင်း ကလေးသူငယ်များ၏ သက်တမ်းများ ပိုရှည်လာသည်။ လန်ဒန်၌ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းမှာ ၁၇၃၀-၁၇၄၉ခုနှစ်များက ၇၄ဒသမ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၈၁၀-၁၈၂၉ခုနှစ် အရောက်တွင် ၃၁ဒသမ၈ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။

ပိုမိုမြန်ဆန်

ဥရောပလူဦးရေသည် ၁၈ရာစုနှစ်အတွင်းသန်း ၁၀၀မှ သန်း ၂၀၀အထိ နှစ်ဆတိုးလာပြီး ၁၉ရာစုနှစ်အတွင်းတွင် ထပ်မံ၍ နှစ်ဆတိုးလာပြန်သည်။ ဆေးဝါးများ ခေတ်မီတိုးတက်လာမှုနှင့် ကာကွယ်ဆေးများ မထိုးမနေရ ပြဋ္ဌာန်းပြီးနောက် လူဦးရေတိုးနှုန်း ပိုမိုမြန်ဆန်လာသည်။

နှစ်ဆတိုး

၁၉ရာစုနှစ်အတွင်း နေထိုင်မှုအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လာသည်နှင့်အမျှ ဗြိတိန်၏လူဦးရေမှာ နှစ် ၅၀တိုင်း နှစ်ဆတိုးလာရသည်။

၁၇၅၀ခုနှစ်က အိန္ဒိယတိုက်ငယ်၏ လူဦးရေမှာ ၁၂၅သန်းရှိခဲ့ရာမှ ၁၉၄၁ခုနှစ်အရောက်တွင် ၃၈၉သန်းအထိ တိုးလာသည်။ ဤဒေသသည် လူဦးရေ ၁ဒသမ၅ ဘီလီယံရှိလာသည်။ ဂျာဗားကျွန်း၏လူဦးရေသည် ၁၈၁၅ခုနှစ်က၅သန်းရှိခဲ့ရာမှ၂၁ရာစုနှစ်အစောပိုင်းတွင် သန်း ၁၃၀ကျော် ရှိလာသည်။ မက္ကဆီကို၏လူဦးရေသည် ၁၉၀၀ပြည့်နှစ်က၁၃ဒသမ၆သန်းရှိရာမှ၂၀၀၉ခုနှစ်တွင် ၁၁၂သန်းခန့်ရှိလာသည်။ ကင်ညာနိုင်ငံ၏လူဦးရေသည် နှစ်ပေါင်း၈၀အတွင်း ၂ဒသမ၉သန်းမှ ၃၇သန်းအထိတိုးလာသည်။

အထူထပ်ဆုံး

ကမ္ဘာပေါ်ရှိ လူဦးရေအထူထပ်ဆုံး နိုင်ငံများတွင် မက္ကဆီကို၊ စင်ကာပူ၊ ဗာတီကင်၊ မော်လဒိုက်၊ မော်လတာ၊ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်စသည့်နိုင်ငံများက ထိပ်ဆုံးမှ ပါဝင်သည်။

နေရာယူထား

ကမ္ဘာပေါ်ရှိ လူဦးရေအများဆုံးနိုင်ငံများစာရင်းတွင် တရုတ် ၁၃၃၅၀၀၇၅၅၀၊ အိန္ဒိယ ၁၁၉၈၀၀၃၀၀၀၊ အမေရိကန်ပြည်ထောင်စု ၃၀၈၄၀၅၀၀၀၊ အင်ဒိုနီးရှား ၂၃၀၇၂၉၄၉၁ စသည့်နိုင်ငံများက ထိပ်ဆုံးမှ နေရာယူထားသည်။

ကမ္ဘာ့လူဦးရေမှာ ၁၇၅၀ ခုနှစ်က ၇၉၁ သန်းရှိခဲ့ရာမှ ၁၈၀၀ ပြည့်နှစ်တွင် ၉၇၈ သန်း၊ ၁၈၅၀ခုနှစ်တွင် ၁၂၆၂သန်း၊ ၁၉၀၀ ပြည့်နှစ်တွင် သန်း၁၆၅၀၊ ၁၉၅၀ ခုနှစ်တွင် ၂၅၂၁သန်း၊ ၁၉၉၉ ခုနှစ်တွင် ၅၉၇၈ သန်း၊ ၂၀၀၈ ခုနှစ်တွင် ၆၇၀၇ သန်း၊ ၂၀၀၉ ခုနှစ်ဆန်းတွင် ၆၇၉၃ သန်းရှိပါသည်။ ။

ကိုးကား-အင်တာနက်

လက်ရှိအချိန် ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂ရက်က ကမ္ဘာ့လူဦးရေမှာ ၆၇၉၃၈၀၀၀၀၀ရှိကြောင်း အမေရိကန်သန်းခေါင်စာရင်းဗျူရိုက ခန့်မှန်းကြေညာထား။

အမေရိကနိုင်ငံများ၏ ပထမအကြိမ် နိုင်ငံတကာညီလာခံ

အမေရိကနိုင်ငံများအဖွဲ့ (အိုအေအက်စ်)

အမေရိကနိုင်ငံများအဖွဲ့(အိုအေအက်စ်)သည် ကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံး ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်သည်။ ဝါရှင်တန်ဒီစီ၌ ၁၈၈၉ ခုနှစ် အောက်တိုဘာလမှ ၁၈၉၀ခုနှစ် ဧပြီလအထိ ကျင်းပသည့် အမေရိကနိုင်ငံများ၏ ပထမအကြိမ် နိုင်ငံတကာညီလာခံမှ အစပျိုးခဲ့သည်။ အိုအေအက်စ် ပဋိညာဉ်စာတမ်းကို ၁၉၄၈ခုနှစ်က ဘိုဂိုတာ၌ လက်မှတ်ရေးထိုးပြီး ၁၉၅၁ခုနှစ် ဒီဇင်ဘာလတွင် အသက်ဝင်ခဲ့သည်။

ပြုပြင်

ယင်းနောက် ၁၉၆၇ခုနှစ်က လက်မှတ်ရေးထိုးပြီး ၁၉၇၀ခုနှစ်တွင် အသက်ဝင်သည့် ဗျူနို့စ်အေရီးစ်စာချွန်လွှာ၊ ၁၉၈၅ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး ၁၉၈၈ ခုနှစ်တွင် အသက်ဝင်သည့် ကာတာဂျီးနားစာချွန်လွှာ၊ ၁၉၉၃ ခုနှစ်က လက်မှတ်ရေးထိုးပြီး ၁၉၉၆ ခုနှစ်တွင် အသက်ဝင်သည့် မာနာဂွာစာချွန်လွှာ၊ ၁၉၉၂ ခုနှစ်က လက်မှတ်ရေးထိုးပြီး ၁၉၉၇ ခုနှစ်တွင် အသက်ဝင်သည့် ဝါရှင်တန်စာချွန်လွှာတို့ဖြင့် ပြုပြင်ခဲ့သည်။

သတ်မှတ်လက်ခံ

အိုအေအက်စ်အဖွဲ့တွင် အဖွဲ့ဝင် ၃၅ နိုင်ငံပါဝင်ပြီး ဥရောပသမဂ္ဂ(အီးယူ)နှင့် ၆၂ နိုင်ငံတို့ကို လေ့လာသူများအဖြစ် သတ်မှတ်လက်ခံထားသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အီကွေဒေါနှင့် အီရန်ဆက်ဆံရေး ကာကွယ်ပြောကြား

အီကွေဒေါ-အီရန်သံတမန်ဆက်ဆံရေးသည် ပွင့်လင်းပြီးပြောင်းလဲလွယ်သော ဆက်ဆံရေးဖြစ်ကြောင်း အီကွေဒေါနိုင်ငံခြားရေးဝန်ကြီး ဖန်ဒါဖော်လကိုနီက အီကွေဒေါနိုင်ငံနှင့် အီရန်နိုင်ငံသံတမန်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ ဇန်နဝါရီ ၄ရက်၌ ကာကွယ်ပြောကြားသွားသည်။

ကင်ညာ၌ မိုးသည်းထန်၍ ဒေသခံ ၂၀ သေဆုံး

ကင်ညာနိုင်ငံအနှံ့အပြား၌ ဇန်နဝါရီ ၅ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ ဒေသခံပြည်သူ ၂၀ ထက်မနည်းသေဆုံးပြီး ထောင်နှင့်ချီ၍ အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ လယ်ယာမြေများလည်း ပျက်စီးပြီး မွေးမြူရေးလုပ်ငန်းများ၌ ထိခိုက်ခဲ့သည်။ **(အောက်ပုံ)**

ကပ္ပလာအာကာသကြည့်မှန်ပြောင်းမှ ဂြိုဟ်ငါးလုံးထပ်မံတွေ့ရှိ

ကြယ်များကမ္ဘာတွင် လူနေထိုင်ရန်သင့်လျော်သော ကမ္ဘာလုံးအရွယ်ဂြိုဟ်များကို လေ့လာရန်ရည်ရွယ်၍ တည်ဆောက်ထားသော အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့(နာဆာ)၏ ကပ္ပလာအာကာသကြည့်မှန်ပြောင်းသည် ကျွန်ုပ်တို့နေစကြဝဠာ၏ အပြင်ဘက်ရှိဂြိုဟ်များ သို့မဟုတ် အိပ်ဇိုးဂြိုဟ်များအနက် ဂြိုဟ်ငါးလုံးကို ထပ်မံတွေ့ရှိထားကြောင်း သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

တရုတ်အရှေ့မြောက်ပိုင်း၌ သံမဏိအလုပ်သမားရှစ်ဦး သေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း လီယွန်နင်းပြည်နယ် ကမ်းခြေမြို့တော် တလျန်တွင် သံမဏိအလုပ်သမားရှစ်ဦး ဇန်နဝါရီ ၄ရက်က ဆေးရုံအရောက်၌ သေဆုံးသွားကြောင်း၊ အဆိုပါသံမဏိ အလုပ်သမားများသည် အသေးစားမြေအောက် ရေပိုက်ရှိ လျှပ်စစ်ပစ္စည်းကို ပြင်ဆင်နေစဉ် ရုတ်တရက်သတိလစ်သွားရာမှ ယခုကဲ့သို့ ဆေးရုံတင်လိုက်ရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအလုပ်သမား အန္တရာယ်ကင်းရှင်းမှု စောင့်ကြည့်လေ့လာရေးအဖွဲ့က ဇန်နဝါရီ ၅ရက် နံနက်၌ သတင်းထုတ်ပြန်သည်။

ဘရာဇီးကုန်သွယ်မှုပိုငွေ ဒေါ်လာ ၂၄ ဒသမ ၆၂ ဘီလီယံရှိ

ဘရာဇီးနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆၂ ဘီလီယံရှိကြောင်း စာရင်းထုတ်ပြန်ထားသည်။ ယင်းပိုငွေသည် ၂၀၀၂ ခုနှစ်တွင် လူလာအစိုးရစတင်တာဝန်ယူခဲ့သည့်အချိန်မှစ၍ အနည်းဆုံးပိုငွေဖြစ်သည်ဟု ဘရာဇီးအစိုးရက ဇန်နဝါရီ ၄ ရက်၌ ထုတ်ပြန်သည့်စာရင်းဇယားများတွင် ဖော်ပြသည်။

ကျူးဘားကလေးငယ်သေဆုံးနှုန်း အမေရိက၌ ဒုတိယအနည်းဆုံး

ကျူးဘားနိုင်ငံတွင် ၂၀၀၉ခုနှစ်အတွင်း တစ်နှစ်သား(သို့မဟုတ်) တစ်နှစ်ထက်ငယ်သည့် ကလေးသူငယ်များအနက် သုညဒသမ ၄၈ရာခိုင်နှုန်းမျှသာ သေဆုံးခဲ့ကြောင်း၊ ယင်းကလေးငယ်သေဆုံးနှုန်းသည် အမေရိက၌ ကလေးသူငယ်သေဆုံးနှုန်း ဒုတိယအနည်းဆုံးဖြစ်ကြောင်း တရားဝင်သတင်းရပ်ကွက်က ဇန်နဝါရီ ၄ရက်၌ ပြောကြားသည်။

၂၀၁၀ ခုနှစ်တွင် အာကာသယာဉ် ၁၀စင်း ရုရှားလွှတ်တင်မည်

ရုရှားနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် လူလိုက်ပါမည့် အာကာသယာဉ်လေးစင်းနှင့် ကုန်တင်အာကာသယာဉ်ခြောက်စင်းပါဝင်သည့် အာကာသယာဉ် ၁၀ စင်းလွှတ်တင်ရန် စီစဉ်ထားကြောင်း ရုရှားအာကာသယာဉ်ထုတ်လုပ်သည့်ဒိုးပျံနှင့် အာကာသရေးရာကော်ပိုရေးရှင်းက ဇန်နဝါရီ ၅ရက်၌ သတင်းထုတ်ပြန်သည်။

ဂွါတီမာလာ၌ မူးယစ်ဆေးဝါးတစ်သန်းကျော်ဖိုးသိမ်းဆည်း

ဂွါတီမာလာနိုင်ငံသည် ဂွါတီမာလာစီးတီးလာအူရိုးရား နိုင်ငံတကာလေဆိပ်၌ အမေရိကန်ဒေါ်လာ ၁ဒသမ ၂သန်းဖိုးရှိ မူးယစ်ဆေးဝါးများကို ဇန်နဝါရီ ၄ရက်က သိမ်းဆည်းရမိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းနေကြောင်း သိရသည်။ **(အင်တာနက်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

နှင်းသက်ဆယ်ပြန် အစိဋ္ဌာန်

ခိုင်သစ္စာ(စိတ်ပညာ)

"လွတ်လပ်ရေးနေ့၊ ဒို့မမေ့၊
အသက်တည်သရွေ့။
နှင်းသက်ဆယ်ပြန်၊ အစိဋ္ဌာန်၊
လွတ်လပ်ရေးကြီး တည်တံ့ရန်။
နိုင်ငံတော်ကာကွယ်ရေး၊
တပ်နှင့်ပြည်သူ ပူးပေါင်းပေး။
စုပေါင်းအားနဲ့ ပြည်သစ်တည်၊
ဖွံ့ဖြိုးတိုးတက် ဝေဝေစည်။
ဒို့ပြည်၊ ဒို့သွေး၊ ဒို့အရေး၊
ဒို့များအားလုံး ကာကွယ်ပေး။
ဒို့များချစ်တဲ့ လွတ်လပ်ရေး"။

အထက်ပါကဗျာလေးသည် စာရေးသူ အလယ်တန်းကျောင်းသူဘဝက လွတ်လပ်ရေးနေ့တွင် ရေးသားခဲ့သော ကဗျာလေးဖြစ်ပါသည်။ **မြန်မာမှန်သမျှ လူကြီးလူငယ်မရွေး မြန်မာ့လွတ်လပ်ရေးကို ချစ်ကြသည်။ လွတ်လပ်ရေးကို မြတ်နိုးကြသည်။** မြန်မာတစ်ယောက်ဖြစ်သော စာရေးသူသည်လည်း ငယ်စဉ်ကပင် လွတ်လပ်ရေးကို ချစ်မြတ်နိုးသည်။ လွတ်လပ်ရေးကို တန်ဖိုးထားသည်။ ထို့ကြောင့် ငယ်စဉ် ကျောင်းသူဘဝကပင် လွတ်လပ်ရေးနေ့တွင် ကာရန်မညီ၊ စာမပီသော ကဗျာဟန်ကလေးဖြင့် အထက်ပါ ကဗျာလေးကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူမှာ ၁၉၄၄ ခုနှစ်ဖွားဖြစ်၍ လွတ်လပ်ရေးရသော ၁၉၄၈ ခုနှစ်တွင် လေးနှစ်သမီးအရွယ်မျှသာ ရှိသေးသဖြင့် သူ့ကျွန်ဘဝကို ကိုယ်တိုင်ကိုယ်ကျ သိတတ်သောအရွယ် မဟုတ်သေးသော်လည်း ငယ်စဉ်ကာလ ကလေးဘဝကတည်းက အဘိုး၊ အဘွား၊ မိဘများ၏ သူ့ကျွန်ဘဝ တွေ့ကြုံခဲ့ရသည့် ဆင်းရဲဒုက္ခအဖုံဖုံ၊ အနိဋ္ဌာရုံအမျိုးမျိုးကို သေချာစေ့ငု ပြောပြကြပါသောကြောင့် သူ့ကျွန်ဘဝကို နာကြည်းသည်နှင့်အမျှ လွတ်လပ်ရေးကို ချစ်မြတ်နိုးပြီး တန်ဖိုးထားတတ်ခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ရက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ညီညွတ်စွာ စုစည်းနေထိုင်ကြသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ရခိုင်၊ မွန်၊ ဗမာမှစ၍ လူသားမျိုးနွယ် ၁၀၀ကျော်ဖြစ်သော တိုင်းရင်းသားညီအစ်ကိုမောင်ဖွားတို့ စည်းလုံးညီညွတ်စွာဖြင့် နှစ်ပေါင်းရာထောင်ချီလျက် **ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ နေထိုင်ခဲ့ကြပါသည်။**

မြန်မာတို့သည် တကောင်းခေတ်၊ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ဟံသာဝတီခေတ်၊ ကုန်းဘောင်ခေတ် (ရတနာပုံခေတ်)ဟူ၍ မြန်မာ့သမိုင်းတစ်လျှောက် **ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း**ဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်စာပေ၊ ကိုယ့်စကား၊ ကိုယ့်ယဉ်ကျေးမှုများနှင့် **မျိုးဂုဏ်မချ၊ မာန်မာန**နှင့် ဂုဏ်ထည်ဝင့်စွာ နေထိုင်ခဲ့ကြသူများဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသော နိုင်ငံဖြစ်ပါသည်။ ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ ကျောက်သံပတ္တမြားတို့သာမက ကောက်နှံစပါးတို့လည်း ပေါကြွယ်ဝလှပါသည်။ မြန်မာ့ရွှေတောဟု တင်စားရသည့် ကျွန်းသစ်တို့ကလည်း ကိုလိုနီနယ်ချဲ့တို့၏ မျက်စိကျစရာ ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် နယ်ချဲ့တို့သည် ၁၈၂၄ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကိုလည်းကောင်း၊ ၁၈၅၂ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကိုလည်းကောင်း၊ ၁၈၈၅ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကိုလည်းကောင်း ကျူးကျော်နယ်ချဲ့ တိုက်ခိုက်ခဲ့သည်။ မြန်မာတို့သည် သူတစ်ပါးနိုင်ငံကိုလည်း မကျူးကျော် မစော်ကား၊ ကိုယ့်နိုင်ငံကို မတရားကျူးကျော်သည်ကိုလည်း မလိုလားကြပေ။ မြန်မာတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်ရန် မျိုးချစ်စိတ်ဓာတ်သွေး၊ ဇာတိမာန်ဖြင့် ဓား၊ လှံ၊ လက်နက်တို့ကို စွဲကိုင်လျက် နယ်ချဲ့တို့အား ခုခံတိုက်ခိုက် ခဲ့ကြပေသည်။ မည်သို့ပင် မျိုးချစ်စိတ်နှင့် ရဲစွမ်းသတ္တိရှိစေကာမူ ဗြိတိသျှနယ်ချဲ့တို့၏ ခေတ်မီလက်နက်များဖြင့် အဆက်မပြတ် တရစပ် ပစ်ခတ်သော ကျည်ဆန်မိုးများအောက်တွင် မြန်မာ့တပ်သားကောင်းများစွာတို့ သွေးမြေကျ အသက်စတေးကာ ရှုံးနိမ့်ခဲ့ကြရပေသည်။

၁၈၈၅ခုနှစ် နိုဝင်ဘာလတွင် မြန်မာတစ်နိုင်ငံလုံးသည် ဗြိတိသျှနယ်ချဲ့၏ လက်အောက်သို့ ကျရောက်ခဲ့ကြရသည်။ ၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပြည့်ရှင် သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့အား ဗြိတိသျှလက်နက်ကိုင် စစ်တပ်ကြီးက ကြက်ကလေး၊ ငှက်ကလေးသဖွယ် ဖမ်းဆီးခဲ့ပြီး အိန္ဒိယနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့၍ မြန်မာတို့ ထီးနန်းပျောက်ခဲ့ရပါသည်။

ထိုသို့ မြန်မာနိုင်ငံတော်ကြီး နယ်ချဲ့လက်အောက် သူ့ကျွန်ဘဝ ရောက်ရသည်ကို ဆီးဘန်းနီဆရာတော်က ရင်ထုမနာဖြစ်ကာ -

"သိခံ့ တန်ဆောင်၊ ဘုန်းတော်ရှောင်၍၊
ကုန်းဘောင်နေမီး၊ မထိန်ညီးဘဲ၊
တိုင်းကြီး ပြည်ကြီး၊ အချည်းနှီးလျှင်၊
ထီးသုဉ်း နန်းသုဉ်း၊ မြို့သုဉ်း သုည၊
သုဉ်း သုံးဝဖြင့်၊ သုဉ်းရ ပြန်လစ်၊
သုည ခေတ်ဝယ်၊ ဖြစ်လာရချေ၊
တို့တစ်တွေသည်၊ သေသော်မှတည့်၊
ဩော်…ကောင်း၏။"

ဟူ၍ ကဗျာရေးသားခဲ့သည်။

သူ့ကျွန်ဘဝနေကြရသော အချိန်တွင်လည်း မြန်မာတို့သည် ငြိမ်ခံနေကြသည် မဟုတ်ပေ။ မြန်မာနိုင်ငံတစ်ဝန်းတွင် သူ့ကျွန်မခံ မြန်မာ့တော်လှန်ရေးခေါင်းဆောင်ပေါင်းများစွာတို့က တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ မင်းကြီးရွှေလရောင်ဘွဲ့ခံ ဗိုလ်မင်းရောင်၊ ပုဂံဗိုလ်ချို၊ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ ဗိုလ်ဥတ္တမ၊ စစ်သူကြီး မဟာမင်းလှမင်းခေါင်နှင့် ဗိုလ်ရွှေတို့ကဲ့သို့ အစရှိသော မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ကြီးများက ရဲစိတ်ရဲမာန် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် တွန်းလှန်တိုက်ခိုက်ကြရင်းမှပင် မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝဖြင့် နှစ်ပေါင်းတစ်ရာကျော်မျှ ကျရောက်သွားခဲ့ရပါသည်။ မြန်မာတို့ လွတ်လပ်ရေးအတွက် ပြန်လည်စည်းရုံး လှုပ်ရှားလာကြရာတွင် ဝိုင်အမ်ဘီအေ အသင်းကြီး (ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး)ကလည်း အမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာရေးကို အားပေးပါဟူ၍ ကြွေးကြော်သံများဖြင့် လှုံ့ဆော်တိုက်တွန်းကာ မြန်မာတို့၏စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့သည်။ တို့ဗမာအစည်းအရုံး၊ ရဲဘော်သုံးကျိပ်၊ ဘီဒီအေ၊ ဘီအိုင်အေ၊ ဖဆပလ အဖွဲ့ချုပ်နှင့် ဖက်ဆစ်တော်လှန်ရေးတို့သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ထင်ရှားလှပါသည်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော တိုင်းရင်းသားပေါင်းစုံ ပါဝင်သည့် မျိုးချစ်မြန်မာ့တပ်မတော်၏ ကြိုးပမ်းမှု၊ မျိုးချစ်ခေါင်းဆောင်ကြီးများ၏ စွမ်းဆောင်မှုဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့ နံနက် ၄နာရီ မိနစ် ၂၀တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်ခဲ့ပေတော့သည်။ ထိုနေ့ ထိုအချိန်တွင် ဗြိတိသျှ ယူနီယံဂျက်အလံကို အောက်သို့ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလံတော်ကို ကြွားကြွားဝင့်ဝင့် တင့်တင့်တယ်တယ် ကျက်သရေရှိစွာ လွှင့်ထူနိုင်ခဲ့ပါသည်။ ထိုနေ့သည် မြန်မာနိုင်ငံအတွက် ကောင်းမြတ်သန့်စင်ပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားအပေါင်းမှာလည်း ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်မဆုံး၊ ပီတိတွေဖုံးကာ အနှိုင်းမဲ့ဂုဏ်ယူလျက် ရှိကြပါသည်။

ထိုသို့ မြန်မာ့သားကောင်း အသက်ပေါင်းများစွာကို စတေးပြီး မြန်မာ့သွေး၊ ချွေးတို့ဖြင့် ရယူခဲ့ရသော လွတ်လပ်ရေးကို အစွန့်ရှည် ခိုင်မြဲအောင် ထိန်းသိမ်းရမည့်တာဝန်သည် နိုင်ငံတော်အစိုးရတစ်ခုတည်းတွင်သာမက၊ ပြည်သူပြည်သား၊ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားအားလုံး၏ တာဝန်သာ ဖြစ်ပါသည်။ ယနေ့ခေတ်သည် အင်တာနက်ခေတ်ဖြစ်သည့်အလျောက် အင်တာနက်သတင်းများ၊ ဂြိုဟ်တုသတင်းများတွင် ကမ္ဘာ့အရပ်ရပ်တို့၌ နယ်ချဲ့ကျူးကျော်စစ်တို့ကြောင့် ပြိုကွဲပျက်စီးရသော နိုင်ငံများ နေ့စဉ်နေ့တိုင်း တိုက်ခိုက်သေကျေပူဆွေးသောကများနှင့် ကြုံတွေ့နေရသော စစ်ဘေးစစ်ဒဏ်ခံနေကြရပုံများကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပေသည်။ ထိုသို့ ငရဲတမျှ ဒုက္ခခံစားနေကြရသော အဖြစ်ဆိုး၊ အဖြစ်မျိုးကို မည်သူမျှ မလိုလားကြပေ။ အထူးသဖြင့် **တည်ငြိမ်အေးချမ်းမှုကို လိုလားသော မြန်မာပြည်သူပြည်သားတို့က** ပို၍ပင် မလိုလားကြပေ။ ထို့ကြောင့် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို တည်တံ့

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်ရေး အစွန့်ရှည် တည်တံ့ရေးမှာ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးရှိမှသာ ဖြစ်နိုင်မည်ကို ကြိုတင်မျှော်တွေးမိသော နိုင်ငံတော်အစိုးရသည် ၁၉၈၉ ခုနှစ်မှစ၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ရယူဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးရယူပြီးသော တိုင်းရင်းသားအဖွဲ့များသည်လည်း ၎င်းတို့၏ လက်နက်ကိုင်အင်အားစုများကို တပ်မတော်၏ နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စတင်ထမ်းဆောင်နေကြလေပြီ။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ၆ မှ

ခိုင်မြဲစေရန်၊ လွတ်လပ်ရေးကို အစွန့်ရှည်ရန် တိုင်းရင်းသားအားလုံးက စုစည်းညီညွတ်စွာဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရပါမည်။

သမိုင်းစဉ်ကို ပြန်လည်ဆန်းစစ်လျှင် မြန်မာတို့ ဓာတ်သွေး၊ ဓာတ်မာန်နှင့် ရဲစွမ်းသတ္တိ အပြည့်ရှိကြသော်လည်း သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်မှာ စစ်လက်နက်ပစ္စည်း မယှဉ်သာ၊ သိပ္ပံနှင့်နည်းပညာ အားနည်းမှုကြောင့်သာ အင်အားချင်းမမျှ၍ အားမတန် မာန်ချခဲ့ရခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့်ပင် ယခုအခါ အမြော်အမြင်ကြီးလှသော နိုင်ငံတော်အကြီးအကဲသည် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော ပညာရေးကို အားပေးသည်။ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်ပေါင်းများစွာကို ဖွင့်လှစ်သင်ကြားပေးသည်။ ခေတ်မီ သိပ္ပံနည်းပညာများကို သင်ကြားရန် ပြည်ပနိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်သင်ကြားစေသည်။ စီးပွားရေးကိုလည်း တောင့်တင်းခိုင်မာစေရန် စက်ရုံပေါင်းများစွာကို တည်ဆောက်ပေး၍ လယ်ယာကဏ္ဍကိုလည်း တိုးတက်ဖွံ့ဖြိုး အထွက်တိုးစေခဲ့ပြီး ဖြစ်ပါသည်။ ကူးလူးဆက်နွှယ် သွားလာရေး လွယ်ကူစေရန်လည်း လမ်းတံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်ရေး အစွန့်ရှည် တည်တံ့ရေးမှာ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေး ရှိမှသာ ဖြစ်နိုင်မည်ကို ကြိုတင်မျှော်တွေးမိသော နိုင်ငံတော်အစိုးရသည် ၁၉၈၉ခုနှစ်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ရယူဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းရေး ရယူပြီးသော တိုင်းရင်းသားအဖွဲ့များသည်လည်း ၎င်းတို့၏ လက်နက်ကိုင် အင်အားစုများကို တပ်မတော်၏ နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စတင်ထမ်းဆောင်နေကြလေပြီ။

အထူးသဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ တစ်နည်းဆိုရသော် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရန် တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဆိုသည့်အတိုင်း တပ်မတော်သားကောင်းများစွာတို့ဖြင့် ဖွဲ့စည်းထားသော အင်အားတောင့်တင်း ခိုင်မာသည့် ခေတ်မီကြည်း၊ ရေ၊ လေ တပ်မတော်ကြီးလည်း ရှိလေပြီ။ ဤသို့ဖြင့် နိုင်ငံတော်က အာဘက်ဘက်မှ ပြည့်စုံအောင် ဖြည့်ဆည်းထားရှိပြီးဖြစ်ရာ မိမိတို့ ပြည်သူပြည်သား တိုင်းရင်းသားအားလုံးကလည်း –

(၁) ပြည်ထောင်စု မပြိုကွဲရေး၊

(၂) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

ဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် –

ယခုနှစ်၏ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ရင်း မြန်မာ့လွတ်လပ်ရေးကို ထာဝရတည်တံ့ခိုင်မြဲရန် ထိန်းသိမ်းစောင့်ရှောက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသတည်း။ ။

လွတ်လပ်တယ်ဆိုတာ....

ကာတွန်း – မိုးသောက်

ပြည်ထောင်စုသားတွေနှင့် အတူရှိနေသော မြန်မာ့လွတ်လပ်ရေး

❒ မည်သူ့ကိုမှ....မုန်းမပွားလေ
ပြုံးပန်းဝေ....တလှိုင်လှိုင်နှင့်
တကြိုင်ကြိုင်....သတင်းတွေမွှေးခဲ့ပ
ရှေးရှေးက....မြန်မာတွေ...။

❒ အများအတွက်ကယ်မို့
အမှားမစွက်စေဖို့....တရားတစ်ဖက်ကယ်နှင့်
ဓားတစ်လက်အမွေ....ရခဲ့ပေ စဉ်အမြဲ...။

❒ နယ်ချဲ့ရန်....ဖက်ဆစ်ဆိုးတွေက
အမျိုးဂုဏ်....ရန်ရှာတော့
မြန်မာဟာ....တကောင်းဆက် ပေကပဲ
သူကောင်းရင်....ကိုယ်ကောင်း ပေမပေါ့
မူမကောင်းတွေ....ဘေးဖယ်ဖို့
လူကောင်းတွေ....ရွေးချယ်လို့
သွေးထက်ထက်....ပြည်ထောင်သားတွေနှင့်
တွေးကြွယ်ကြွယ်....သည်အောင်ပွဲကိုလ
ရည်ဆောင်ကာ....တိုက်ခဲ့ပေးတယ်
သွေးသမိုင်းပဲ...။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်–

ဥက္ကလာဝင်းကြည်

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၅

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁)တွင် Political Times အထူးအချပ်ပိုအပါအဝင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ၂၀၁၀ လွှန် မြန်မာမျက်နှာဖုံး သုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ စစ်ဘက်ပါဝင်မှု အရှင်ဖွင့်ခြင်း၊ ဆရာကြီးသခင်တင်မြ၏ ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနား၊ ဆရာနောင်ဦး၏ ထိန်းညှိခြင်းသည်သာလျှင်...အဘယ်ကြောင့် စသည့်နိုင်ငံရေး အတွေးအမြင်ဆောင်းပါးများ၊ ငွေကျပ်သိန်းငါးထောင်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများခိုးယူမှု အချိန်တိုအတွင်း ဖော်ထုတ်နိုင်၊ မြန်မာပြည်မှာတော့ အလုပ်တစ်မျိုး စင်ကာပူမှာရတော့ အလုပ်တစ်မျိုး၊ ကိုရီးယားတွင် အလုပ်ရရှိမည်ဆိုကာ ငွေကြေးလိမ်လည်ခဲ့သူအား အမည်ဖျက်စာရင်းတင်သွင်း၊ ဒေါက်မြင့်ဖိနပ်နောက်ကွယ်က ဆိုးကျိုးများ၊ ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုထူးကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်မည်၊ အိမ်ခြံမြေဈေးကွက်အကြောင်း တစေ့တစောင်း၊ အီလက်ထရွန်နစ်ဈေးကွက် သုံးသပ်ချက်၊ တစ်ခါမှလဲ စိတ်မညစ်ခဲ့ဘူး၊ ဘယ်တော့မှလဲ အိပ်ရေးမပျက်ခဲ့ဘူး ဝိုင်းစုခိုင်သိန်းနှင့် တွေ့ဆုံခြင်းစသည့် ဖျော်ဖြေရေးကဏ္ဍများအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။ အာဆီယံ၏ အခန်းကဏ္ဍ ပိုမိုကြီးမား ကျယ်ပြန့်လာမည်လား၊ အမေရိကန် စီးပွားရေးလုပ်ငန်းခွင်တွင် လုပ်သားတို့ ဝန်နှင့်အားမမျှသည့် အခြေအနေမျိုးနှင့် ကြုံတွေ့နေ၊ ခေတ်မီရေတပ်အိန္ဒိယ မွမ်းမံပြင်ဆင်၊ ငှက်ဖျားရောဂါအမျိုးအစားသစ်က ဆေးဝါးကို ခုခံနိုင်စွမ်းရှိကြောင်းတွေ့ရ၊ ရုရှားက ရေနံဈေးကွက်ကို အာရှသို့ဦးတည်၊ အင်ဒိုနီးရှားမှ သြစတြေးလျသို့ ခိုးဝင်သူ၁၇ဦး ဖမ်းဆီးခံရ၊ ၂၀၀၀–၂၀၀၉နောက်ပိုင်းမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ရှိနေဦးမှာလား၊ ၁၃နှစ်သား ကျောင်းသားငယ် မြစ်အတွင်း ရေနစ်သေဆုံး မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၁–၂၀၁၀
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၆:၅၀ ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
- ၈:၃၀ Sports World (Boat Race)
- ၈:၅၅ Industrial Talk
- ၉:၂၅ Activities in the City (လူကုန်ကူးမှု ကာကွယ်တားဆီးရေးအစီအစဉ် ပြခန်း)
- ၉:၃၅ အားကစားမြင်ကွင်းစုံ စိုးမိုး(IBC)၊ ထွန်းနေစိုး၊ နေအောင်သန့်
- ၁၀:၁၅ ဟန်ချက်ညီညီလှမ်းချီ စက်မှုနိုင်ငံသစ်ဆီ
- ၁၀:၂၅ ဂုဏ်ယူဖွယ်ရာ အစဉ်အလာကောင်းများနှင့် အထက(၄)စမ်းချောင်း
- ၁၀:၃၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (စိန်သစ်)
- ၁၁:၁၅ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ စွမ်းအင်ချွေတာကြပါစို့
- ၁၁:၂၅ ဓလေ့ရိုးရာရှမ်းရှာလေးများ
- ၁၁:၄၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်ဇမ်နူး၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
- ၁၂:၀၅ စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို
- ၁၂:၂၅ ကြည်နူးပီတိဝေဖြာစေသော အထက(၂)စစ်ကိုင်း အာစရိယပူဇော်ပွဲ
- ၁:၀၀ **ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၁:၅၀ ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ **စကားနပန်း** (ရုပ်ရှင်ကြည့်တာ ကောင်းတယ်၊ ရုပ်ရှင်မကြည့်တာ ကောင်းတယ်)
- ၃:၄၅ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
- ၄:၀၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Neptune Pet Shop)
- ၄:၁၅ ဂုဏ်ယူဖွယ်ရာအစဉ်အလာကောင်းများနှင့် အထက(၄)စမ်းချောင်း
- ၄:၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ (သက်ကြီးရွယ်အိုများ လုပ်ဆောင်သင့်သော အခြေခံဆေးစစ်မှုများ)
- ၄:၄၀ Activities in the City (လူကုန်ကူးမှု ကာကွယ်တားဆီးရေး အစီအစဉ် ပြခန်း)
- ၄:၅၀ ဟန်ချက်ညီညီလှမ်းချီ စက်မှုနိုင်ငံသစ်ဆီ
- ၅:၀၅ စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း ဒေါက်တာမသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်ဇမ်နူး၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
- ၆:၄၅ ဗီဒီယိုပြခန်း
- ၇:၀၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Face)
- ၇:၂၀ ခေတ်ပြိုင် ဂီတမှတ်တိုင်များ (စိန်သစ်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ **စကားနပန်း** (ရုပ်ရှင်ကြည့်တာ ကောင်းတယ်၊ ရုပ်ရှင်မကြည့်တာ ကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
- ၁၀:၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သက်ကြီးရွယ်အိုများ လုပ်ဆောင်သင့်သော အခြေခံဆေးစစ်မှုများ)
- ၁၀:၁၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Face)
- ၁၀:၃၀ ဗီဒီယိုပြခန်း
- ၁၀:၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၁၀ Industrial Talk
- ၁၁:၄၀ ကြည်နူးပီတိဝေဖြာစေသော အထက(၂)စစ်ကိုင်း အာစရိယပူဇော်ပွဲ
- ၁၂:၀၀ **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ** မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင် ဒါရိုက်တာ–မောင်မောင်ဦး(စနိုးပိုက်)
- ၁၂:၀၅ ဂမုန်းရေလျှောင်တမံ
- ၁၂:၂၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

* *ရွှေဖုံးမှ*

လက်တွေ့ခံစား

ဒီနေ့ နိုင်ငံတော်အစိုးရဟာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်တွေ ချမှတ်ပြီး နေ့မအား၊ ညမနား အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့တာဝန်ယူတဲ့ အချိန်ကာလ အတွင်း နိုင်ငံတစ်ဝန်း ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ ကားလမ်း၊ ရထားလမ်းတွေ၊ မြစ်ကူး၊ ချောင်းကူး တံတားကြီးတွေ၊ ဆည်မြောင်းတာတမံတွေ စတဲ့ အခြေခံ အဆောက်အအုံတွေဟာ တိုင်းရင်းသားပြည်သူတွေ အမှန်တကယ် လက်တွေ့ ခံစားနေရတဲ့ မြင်သာထင်သာတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေပဲ ဖြစ်ပါတယ်။

ဒီလို အခြေခံလိုအပ်ချက်တွေ ဖြစ်ထွန်းပေါ်ပေါက်လာတာနဲ့အမျှ မိမိတို့ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းတွေကလည်း ထက်ကြပ်မကွာ မြင့်မား တိုးတက်လာခဲ့ပါတယ်။ ဒီနေရာမှာ လူနေမှုအဆင့်အတန်း မြင့်မားဖို့အတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်မှုထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ဆက်သွယ်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာတင်ပြလိုပါတယ်။

တပ်ဆင်အသုံးပြု

မြန်မာနိုင်ငံရဲ့ ကြေးနန်းဆက်သွယ်မှုစနစ်ကို အစောဆုံးအနေနဲ့ ၁၈၆၁ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ၁၈၈၄ခုနှစ်မှာ လက်လှည့်တယ်လီဖုန်း ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၈၈၄ခုနှစ်က ရန်ကုန် မြို့မှာ လက်လှည့်တယ်လီဖုန်း ၁၃၀၀ တပ်ဆင် အသုံးပြုခဲ့ပါတယ်။

၁၉၆၂ခုနှစ်ရောက်တော့ တစ်နိုင်ငံလုံးမှာ တယ်လီဖုန်းအိတ်ချိန်း ၈၀အထိ ရှိလာပြီး ဖုန်းလိုင်းပေါင်း ၁၄၇၅၄အထိ တပ်ဆင်ပေးနိုင်ခဲ့ပါတယ်။ ၁၉၇၀ ခုနှစ်နောက်ပိုင်းကျတော့ ရန်ကုန်မြို့မှာ တယ်လီဖုန်းအိတ်ချိန်းပေါင်း ၁၄၃ခု အထိရှိခဲ့ကာ တယ်လီဖုန်းလိုင်းပေါင်း ၁၇၄၀၀အထိ သုံးစွဲနိုင်ခဲ့တဲ့အတွက် တစ်နိုင်ငံလုံးအနေနဲ့ တယ်လီဖုန်းလိုင်းပေါင်း ၂၂၀၀၀အထိ ရှိခဲ့ပါတယ်။ ၁၉၈၈ခုနှစ်မတိုင်မီအထိ တယ်လီဖုန်းလိုင်း ၇၄၈၅၅သာ ရှိခဲ့ပါတယ်။

ဖွံ့ဖြိုးတိုးတက်

၁၉၈၈ခုနှစ်က လူဦးရေ ၃၅သန်းရှိတဲ့ မြန်မာနိုင်ငံမှာ တယ်လီဖုန်း သောင်းဂဏန်းမျှသာရှိခဲ့တာကို ကြည့်မယ်ဆိုရင် နိုင်ငံရဲ့ဖွံ့ဖြိုးမှု ဘယ်လောက် နိမ့်ကျခဲ့တယ်ဆိုတာ မြင်သာပါလိမ့်မယ်။ ဒါကြောင့် တပ်မတော်အစိုးရ လက်ထက်မှာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ဆက်သွယ်ရေးဝန်ဆောင် မှုလုပ်ငန်းတွေကို အဆင့်မြှင့်တင်ခြင်းနဲ့ ဆက်သွယ်ရေးကွန်ရက် ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် အလေးထားဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့လို့ တပ်မတော်အစိုးရလက်ထက် နှစ် ၂၀ကျော် ကာလအတွင်း မှာ ဆက်သွယ်ရေးကဏ္ဍ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတာကို အောက်ပါ ဇယားမှာ နှိုင်းယှဉ်လေ့လာကြည့်နိုင်ပါတယ်-

၁၉၈၈ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြဇယား

အမျိုးအစား	ရေတွက်ပုံ	၁၉၈၈ခုနှစ်	၂၀၀၉	တိုးတက်မှု
စာတိုက်စခန်း	ခု	၁၁၁၄	၁၃၇၃	၂၅၉
ကြေးနန်းရုံး	ရုံး	၃၁၀	၅၁၁	၂၀၁
ဖက်စ်စီမီလီ	ခု	၁၀	၅၃၀၁	၅၂၉၁
ကွန်ပျူတာကြေးနန်း	ခု	-	၁၃၂	၁၃၂
တယ်လီဖုန်းရုံး	ရုံး	၂၄၅	၉၁၁	၆၆၆
-အော်တိုအိတ်ချိန်း	လိုင်း	၃၃	၃၄၅	၃၁၂
-လက်လှည့်အိတ်ချိန်း	လိုင်း	၂၁၂	၃၃၃	၁၂၁
-ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	ခု	-	၂၃၃	၂၃၃
လိုင်းအင်အား	လိုင်း	၇၄၈၅၅	၂၀၀၈၀၆၉	၁၉၃၃၂၁၄
တိုက်ရိုက်လိုင်း	လိုင်း	၆၇၀၁၆	၉၅၆၇၆၉	၈၈၉၇၅၃
-အော်တို/လက်သုံးတယ်လီဖုန်း	လိုင်း	၆၇၀၁၆	၄၅၁၆၇၃	၃၈၄၆၅၇
-ARTSရေဒီယိုတယ်လီဖုန်း	လုံး	-	၄၁၉၈	၄၁၉၈
-DECTရေဒီယိုတယ်လီဖုန်းလုံး	လုံး	-	၂၅၆၆	၂၅၆၆
-CDMA (Fixed) တယ်လီဖုန်း	လုံး	-	၁၈၂၇၁	၁၈၂၇၁
မိုဘိုင်းလ်တယ်လီဖုန်း	လုံး	-	၄၈၀၀၆၁	၄၈၀၀၆၁
-CDMA (Mobile) တယ်လီဖုန်း	လုံး	-	၁၀၅၀၈၇	၁၀၅၀၈၇
-D-AMPS တယ်လီဖုန်း	လုံး	-	၂၉၈၄၇	၂၉၈၄၇
-GSM တယ်လီဖုန်း	လုံး	-	၃၄၀၇၁၈	၃၄၀၇၁၈
-WCDMAတယ်လီဖုန်း	လုံး	-	၇၄၀၉	၇၄၀၉
မိုက္ကရိုဝေ့ဗ်စခန်း	ခု	၇၁	၂၈၄	၂၁၃
မိုက္ကရိုဝေ့ဗ်ချန်နယ်	ချန်နယ်	၇၆၃၂	၇၂၉၃၆	၆၅၃၀၄
အီးမေးလ်/အင်တာနက်	ခု	-	၈၃၀၃	၈၃၀၃
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း				
-VSAT	ခု	-	၁၂	၁၂
-MPT Satellite Terminal	ခု	-	၁၆၂၀	၁၆၂၀
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးချန်နယ်				
-VSAT	ခု	-	၁၇၆	၁၇၆
-MPT Satellite Terminal	ခု	-	၆၄၈၀	၆၄၈၀
ပြည်ပဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	ခု	၁	၂	၁
ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ်	ခု	-	၃	၃
ပြည်ပရေအောက်ကေဘယ်လ် ဆက်သွယ်ရေးချန်နယ်	ခု	-	၁၄၈၆	၁၄၈၆
ကုန်းတွင်းနယ်စပ်ဖြတ်ကျော် ဖိုင်ဘာကေဘယ်လ် ဆက်ကြောင်း	ခု	-	၆၅၉	၆၅၉
အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချန်နယ်	ခု	၂၆	၃၀၆၉	၃၀၄၃

အထက်ပါဇယားအရ လေ့လာကြည့်မယ်ဆိုရင် ၁၉၈၈ခုနှစ်မှာ တယ်လီဖုန်း လိုင်းအင်အား ၇၄၈၅၅သာရှိခဲ့ရာမှ ယနေ့အချိန်အထိ လိုင်းအင်အား ၂၀၀၈၀၆၉ ရှိလာတဲ့အတွက် လိုင်းအင်အား နှစ်သန်းနီးပါး (အဆများစွာ) တိုးချဲ့တပ်ဆင်နိုင် ခဲ့ပြီး ဖြစ်ပါတယ်။ လူဦးရေအချိုးနဲ့ ကြည့်မယ်ဆိုရင် လူ ၂၅ဦးမှာ ဖုန်းတစ်လုံး အသုံးပြုနိုင်တဲ့သဘောပါပဲ။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်း ဆောင်ရွက်ချက်ကိုကြည့်မယ်ဆိုရင် စာတိုက်လုပ်ငန်းအနေနဲ့ စာတိုက်အသစ် ဖွင့်လှစ်ခြင်း ခုနစ်ရုံး၊ စာတိုက်အဆင့်မြှင့်တင်ခြင်း ၁၉ရုံး၊ ကြေးနန်းအသစ် ဖွင့်လှစ်ခြင်း သုံးရုံး၊ အဆင့်မြှင့်တင်ခြင်း လေးရုံး၊ အော်တိုတယ်လီဖုန်းလိုင်း အင်အား ၄၅၆၂၀၊ မိုဘိုင်းလ်တယ်လီဖုန်းလိုင်းအင်အား ၉၁၅၄၀၊ အိတ်ချိန်းပေါင်း ၄၆ရုံးနှင့် အဝေးဆက်သွယ်ရေး မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ၁၄ခု အကောင် အထည်ဖော်နိုင်ခဲ့တဲ့အတွက် ယနေ့ဆိုရင် ပြည်နယ်တိုင်းအတွင်းမှာရှိတဲ့ မြို့တွေမှာ အင်တာနက်၊ အီးမေးလ်၊ ဖက်စ်စတဲ့ ခေတ်မီ ဆက်သွယ်ရေး ပစ္စည်းတွေ တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီး ကျေးလက်တောရွာတွေမှာ တိုက်ရိုက် ပြောဆိုနိုင်တဲ့ အော်တိုတယ်လီဖုန်းတွေ တပ်ဆင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ထပ်မံတိုးချဲ့

၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းလျာထားချက်အနေနဲ့ အော်တိုတယ်လီဖုန်း လိုင်းအင်အား ၄၀၀၀၀၊ မိုဘိုင်းလ်တယ်လီဖုန်းလိုင်းအင်အား ၁၃၀၀၀၀နှင့် အော်တိုအိတ်ချိန်းပေါင်း ၇၀ တိုးချဲ့တပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပဆက်သွယ်ရေး ဆက်ကြောင်းအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်၊ ဖိုင်ဘာဆက်သွယ်ရေးစနစ်၊ ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစနစ်၊ နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးစနစ်များနှင့် ချိတ်ဆက် ဆောင်ရွက်လျက် ရှိပြီး အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးချန်နယ်ပေါင်း ၂၆၂၁ခု ရှိပါတယ်။ ဒါ့အပြင် လက်ရှိ မြန်မာနိုင်ငံနှင့် ဆက်သွယ်ထားတဲ့ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနိုင်ငံများမှတစ်ဆင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ၁၂ခု ထပ်မံတိုးချဲ့ဖို့ ဆောင်ရွက်နေပါတယ်။

ထို့အတူ သတင်းအချက်အလက်နဲ့ နည်းပညာခေတ်မှာ မိမိတို့နိုင်ငံဟာ အခြားနိုင်ငံများနဲ့ ရင်ပေါင်တန်း လိုက်နိုင်ရေးအတွက် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှာ ရတနာပုံ ဆက်သွယ်ရေး နည်းပညာမြို့သစ်ကြီးကို ၂၀၀၆ခုနှစ်က အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ၂၀၀၇ခုနှစ် ဒီဇင်ဘာ လမှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံ

ရတနာပုံမြို့သစ်ကြီးဟာ မြေဧရိယာဧက တစ်သောင်းကျော်ကျယ်ဝန်းပြီး မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေး နည်းပညာများ အခြေကျဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်တာနဲ့အညီ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် အခါမလပ် လမ်းညွှန်အားပေးမှုနဲ့အတူ ပြည်တွင်းပြည်ပနည်းပညာ ကုမ္ပဏီများရဲ့ လာရောက်ရင်းနှီးမြှုပ်နှံမှုကြောင့် အခုဆိုရင် အဆင့်မြင့် ဆက်သွယ်ရေးပစ္စည်း တွေ ထုတ်လုပ်လာနိုင်ပြီ ဖြစ်ပါတယ်။

မှုဒိတာပွား

နိုင်ငံတော်အကြီးအကဲရဲ့ ၁၀-၁၂-၂၀၀၉ရက်နေ့ ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းနယ်မြေ ကြည့်ရှုစစ်ဆေးတဲ့ သတင်းကို သတင်းစာမှာဖတ်ရတော့ နည်းပညာကုမ္ပဏီများရဲ့ ရင်းနှီးမြှုပ်နှံ ဆောင်ရွက် နေမှုတွေက အလွန်တရာမှ အားရစရာကောင်းလောက်အောင် ဖွံ့ဖြိုးလာတာကို တွေ့မြင်ရပါတယ်။ နှစ်နှစ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ Software, Hardware ပစ္စည်းတွေဖြစ်တဲ့ ဖိုင်ဘာကေဘယ်လ် ကြိုးများ၊ မိုဘိုင်းလ်ဆက်သွယ်ရေး စက်ပစ္စည်းများဖြစ်သည့် CDMA 450 MHz BTS ဆက်သွယ်ရေးပစ္စည်း များ၊ CDMA 800 MHz ဆက်သွယ်ရေးပစ္စည်းများ၊ Fixed Wireless Terminal ပစ္စည်းများ၊ Digital TV-Set-top Box၊ KT- WLL၊ Mc Will

ဆက်သွယ်ရေးစခန်း

မုံရွာခရိုင် အလုံမြို့တွင် ဒေသခံပြည်သူများ ဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေးအတွက် ဆောင်ရွက် ပေးလျက်ရှိသော ဆက်သွယ်ရေးစာတိုက်စခန်းကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

စတဲ့ အဆင့်မြင့်ဆက်သွယ်ရေးပစ္စည်းများကို ထုတ်လုပ်တပ်ဆင်နေတာကို တွေ့မြင် ရလို့ သည်လိုအခြေအနေအတိုင်းသာ ဆက်သွားမယ်ဆိုရင် နောင်ငါးနှစ်၊ ၁၀နှစ် ဆိုတဲ့ အပိုင်းအခြားအတွင်းမှာ မိမိတို့နိုင်ငံအနေနဲ့ နည်းပညာခေတ်ရဲ့ စိန်ခေါ်မှု တွေကို ရင်ဆိုင်ကျော်လွှားနိုင်မှာပဲလို့ သတင်းစာဖတ်ရင်း မုဒိတာပွားရပါတယ်။

တွေးတောကြံဆ

ယခုဆိုရင် ရတနာပုံမြို့သစ်မှာ နိုင်ငံတကာအဆင့်မီ အိုင်စီတီသင်တန်း ကျောင်း၊ နယ်သာလန်နိုင်ငံမှ Servey ကုမ္ပဏီနှင့် ပူးပေါင်းတည်ထောင်ထား သော နိုင်ငံတကာဆော့ဖ်ဝဲ ဖွံ့ဖြိုးတိုးတက်မှုဌာန၊ ရုရှားနိုင်ငံမှ Multinet Group နှင့် ပူးပေါင်းတည်ထောင်ထားသော သတင်းအချက်အလက် သုတေ သနနှင့် ဖွံ့ဖြိုးမှုဌာနတွေဖွင့်လှစ်ပြီး နိုင်ငံတကာအသိအမှတ်ပြုဘွဲ့၊ ဒီပလိုမာ တွေပေးနိုင်အောင် မျိုးဆက်သစ်လူငယ်တွေကို ပြုစုလေ့ကျင့် ပျိုးထောင်ပေးနေ

တာဟာ မိဘသဖွယ်ဖြစ်တဲ့ နိုင်ငံတော်အကြီးအကဲ
လူရွယ်တွေ နောင်အနာဂတ်မှာ ခေတ်မီနည်းပညာ
တကာနဲ့ ရင်ပေါင်တန်းနိုင်အောင် အမြော်အမြင်
တွေကို မျက်ခြည်ပြတ်မခံဘဲ တွေးတောကြံဆ
ဆောင်ရွက်နေခြင်းပဲ ဖြစ်တယ်လို့ မြင်မိပါတယ်

အထက်ကဖော်ပြခဲ့တဲ့ ဆက်သွယ်ရေးကဏ္ဍ
စာရေးသူ လေ့လာသိရှိရသလောက် ရေးသားတင်
နိုင်ငံတော်အစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်
မြားမြောင်လှပါတယ်။ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်
ဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာငွေကြေး၊ နည်း
အများအပြား အသုံးပြုရတဲ့အပြင် နိုင်ငံရေးဖိအား
နိုင်ငံတည်ငြိမ်အေးချမ်းမှုတို့အပေါ် အနှောင့်အယှ

တွေကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှားပြီး
ဖြစ်ပါတယ်။

ဆက်လက်ဖြန့်ကြက်

ယနေ့မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုး
သော အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နိုင်
တန်းကာ ခေတ်နောက်မှာ မကျန်ရစ်စေဖို့နဲ့ ခေ
စေဖို့အတွက် အရှိန်အဟုန်နဲ့ ဆက်လက်ကြိုး
ဆောင်ရွက်နေပါတယ်။ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတို
နေရာမှာ ဖော်ပြပါသတင်းအချက်အလက်နှင့် ဆက်
ကဏ္ဍတွေကို အလေးထား ဆောင်ရွက်ပေးနေတာ
တစ်ပြိုင်တည်းမှာပဲ နိုင်ငံရေး၊ စီးပွားရေး၊ လူ
ကြုံတွေ့လာနိုင်တဲ့ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်
အသုံးချနိုင်ဖို့အတွက် ရတနာပုံတယ်လီပို့ကဲ့သို့
အဆောက်အအုံတွေကို ဆက်လက်ဖြန့်ကြက်
ဖြစ်ပါတယ်။

လိုက်လံရှာဖွေ

ယနေ့မြန်မာနိုင်ငံရဲ့ တိုးတက်ဖြစ်ထွန်း
မြင်ကွင်းတွေဟာ စာရေးသူတို့ ငယ်စဉ်တောင်
ရပြီး ဆယ်စုနှစ်ကာလတစ်ခုက အခြေအနေများ
များစွာမယှဉ်သာအောင် သိသိသာသာ ပြော
ငယ်စဉ်ကလေးဘဝက ကျေးလက်တောရွာကို
တယ်လီဖုန်းဆက်သွယ်ပြောဆိုဖို့အတွက် ဖုန်းရှိ
လိုက်လံရှာဖွေခဲ့ရပါတယ်။ နောက်ပြီး တယ်လီဖု
အိတ်ချိန်းရုံးလေး တစ်ရုံးမျှ၊ စာတိုက်စခန်းလေး

တိုးတက်နေပြီ

စာရေးသူတို့နယ်မြို့လေးမှာ အရင်ကဆို
တစ်ရုံးပဲရှိခဲ့ပြီး အဝေးခေါ်ဆိုမှုအတွက်ဆိုရင်
မြို့က တစ်ဆင့်ခေါ်ယူရပါတယ်။ လိုင်းအင်အား
စောင့်ဆိုင်းခေါ်ယူရပါတယ်။ ယနေ့အခါမှာတော့
တိုက်ရိုက်ခေါ်ဆိုနိုင်တဲ့ အော်တိုတယ်လီဖုန်းများ
၂၀၀န်းကျင်ရှိ ကျေးရွာများအထိ ကျေးလက်အော်
နိုင်ခဲ့လို့ နိုင်ငံတကာထိတိုင်အောင် ဆက်သွယ်
ပါပြီ။

မျက်မှောက်ကာလ မြန်မာနိုင်ငံရဲ့ ဆက်
တွေဟာ များစွာတိုးတက်ပြောင်းလဲလာခဲ့ပြီ ဖြစ်ပ
အိမ်တိုင်းနီးပါးမှာ တယ်လီဖုန်းတွေ ရှိလာပါပြီ၊ စာ
ရင်လည်း မြို့တိုင်း၊ နေရာတိုင်းမှာ ရှိပါတယ်
ဆိုလည်း လမ်းတိုင်းလိုလို မမြင်ချင်တစ်ဆုံးပါ

တာဟာ မိဘသဖွယ်ဖြစ်တဲ့ နိုင်ငံတော်အကြီးအကဲရဲ့ မိမိတို့ မျိုးဆက်သစ်လူငယ်လူရွယ်တွေ နောင်အနာဂတ်မှာ ခေတ်မီနည်းပညာတွေ တတ်ကျွမ်းပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် အမြော်အမြင်ရှိရှိ နိုင်ငံတကာ အခြေအနေတွေကို မျက်ခြည်ပြတ်မခံဘဲ တွေးတောကြံဆ အကွက်ကျကျ စီမံလမ်းညွှန်ဆောင်ရွက်နေခြင်းပဲ ဖြစ်တယ်လို့ မြင်မိပါတယ်။

အထက်ကဖော်ပြခဲ့တဲ့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ စာရေးသူ လေ့လာသိရှိရသလောက် ရေးသားတင်ပြရခြင်း ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်အစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်းတွေဟာ အလွန်ကြီးမားမြားမြောင်လှပါတယ်။ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင်၊ လစ်ဟာမှုမရှိအောင် ဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာငွေကြေး၊ နည်းပညာ၊ လူသားအရင်းအမြစ်အများအပြား အသုံးပြုရတဲ့အပြင် နိုင်ငံရေးဖိအားပေးမှု၊ စီးပွားရေး ပိတ်ဆို့မှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုတို့အပေါ် အနှောင့်အယှက်ပေးမှု အခက်အခဲ အမျိုးမျိုး

တွေကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှားပြီး အကောင်အထည်ဖော်ခဲ့ရတာ ဖြစ်ပါတယ်။

ဆက်လက်ဖြန့်ကြက်

ယနေ့မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက အတိတ်သမိုင်း၏ ခါးသီးသော အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး နိုင်ငံတော်ကို ကမ္ဘာနှင့်ရင်ပေါင်တန်းကာ ခေတ်နောက်မှာ မကျန်ရစ်စေဖို့နဲ့ ခေတ်မီနိုင်ငံတော် ဖြစ်ပေါ်လာစေဖို့အတွက် အရှိန်အဟုန်နဲ့ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ ဖော်ပြပါသတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ တိုးတက်မှုကဏ္ဍတွေကို အလေးထား ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာပဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးမှာ ကြုံတွေ့လာနိုင်တဲ့ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ယှဉ်ပြိုင် ထိထိရောက်ရောက် အသုံးချနိုင်ဖို့အတွက် ရတနာပုံတယ်လီပို့ကဲ့သို့သော ခေတ်မီဆက်သွယ်ရေး အဆောက်အအုံတွေကို ဆက်လက်ဖြန့်ကြက် တည်ဆောက်ပေးသွားဦးမှာ ဖြစ်ပါတယ်။

လိုက်လံရှာဖွေ

ယနေ့မြန်မာနိုင်ငံရဲ့ တိုးတက်ဖြစ်ထွန်းနေတဲ့ ဆက်သွယ်ရေးကဏ္ဍ မြင်ကွင်းတွေဟာ စာရေးသူတို့ ငယ်စဉ်တောင်ကျေးကလေးဘဝ လွတ်လပ်ရေးရပြီး ဆယ်စုနှစ်ကာလတစ်ခုက အခြေအနေများနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် များစွာမယှဉ်သာအောင် သိသိသာသာ ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ ငယ်စဉ်ကလေးဘဝက ကျေးလက်တောရွာကို မဆိုထားနှင့် မြို့ပေါ်မှာပင် တယ်လီဖုန်းဆက်သွယ်ပြောဆိုဖို့အတွက် ဖုန်းရှိတဲ့အိမ်ကိုပင် ခက်ခက်ခဲခဲ လိုက်လံရှာဖွေခဲ့ရပါတယ်။ နောက်ပြီး တယ်လီဖုန်းဆက်သွယ်ရေးစခန်းအစား အိတ်ချိန်းရုံးလေး တစ်ရုံးမျှ၊ စာတိုက်စခန်းလေး တစ်ခုမျှသာ ရှိတတ်ပါတယ်။

တိုးတက်နေပြီ

စာရေးသူတို့နယ်မြို့လေးမှာ အရင်ကဆို လက်လှည့်အိတ်ချိန်းရုံးလေး တစ်ရုံးပဲရှိခဲ့ပြီး အဝေးခေါ်ဆိုမှုအတွက်ဆိုရင် အော်တိုအိတ်ချိန်းရှိတဲ့ တခြားမြို့က တစ်ဆင့်ခေါ်ယူရပါတယ်။ လိုင်းအင်အား နည်းပါးမှုကြောင့် အချိန်ပေးစောင့်ဆိုင်းခေါ်ယူရပါတယ်။ ယနေ့အခါမှာတော့ GSM မိုဘိုင်းလ်ဖုန်းများ၊ တိုက်ရိုက်ခေါ်ဆိုနိုင်တဲ့ အော်တိုတယ်လီဖုန်းများ ရှိလာရုံသာမက မြို့နှင့် မိုင် ၂၀ဝန်းကျင်ရှိ ကျေးရွာများအထိ ကျေးလက်အော်တိုအိတ်ချိန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့လို့ နိုင်ငံတကာထိတိုင်အောင် ဆက်သွယ်ပြောဆိုနိုင်တဲ့အထိ တိုးတက်နေပါပြီ။

မျက်မှောက်ကာလ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတွေဟာ များစွာတိုးတက်ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါတယ်။ မြို့ပေါ်က လမ်းတိုင်း၊ အိမ်တိုင်းနီးပါးမှာ တယ်လီဖုန်းတွေ ရှိလာပါပြီ၊ စာတိုက်စခန်း၊ ကြေးနန်းရုံးတွေဆိုရင်လည်း မြို့တိုင်း၊ နေရာတိုင်းမှာ ရှိပါတယ်၊ အင်တာနက်ကွန်ရက်တွေဆိုလည်း လမ်းတိုင်းလိုလို မမြင်ချင်တစ်ဆုံးပါပဲ။

(၆၂) နှစ်မြောက်
လွတ်လပ်ရေးနေ့
ဂုဏ်ပြုသတင်းဆောင်းပါး

ဖလမ်းမြို့
ဆက်သွယ်ရေးလုပ်ငန်း

ချင်းပြည်နယ် ဖလမ်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဆောက်အအုံကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

GSM မိုဘိုင်းလ်ဖုန်း ယဉ်ကျေးမှု နိုင်ငံအဝန်း ဖြစ်ထွန်းလာခဲ့ရာ ချောက်မြို့၌ GSM တာဝါတိုင်စခန်းကို ဤသို့ ဖွင့်လှစ်ထားသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းလျာထားချက်အနေနဲ့ အော်တိုတယ်လီဖုန်း လိုင်းအင်အား ၄၀၀၀၀၊ မိုဘိုင်းလ်တယ်လီဖုန်းလိုင်းအင်အား ၁၃၀၀၀၀နှင့် အော်တိုအိတ်ချိန်းပေါင်း ၇၀ တိုးချဲ့တပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိ။ ပြည်ပဆက်သွယ်ရေး ဆက်ကြောင်းအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးစနစ်၊ ဖိုင်ဘာဆက်သွယ်ရေးစနစ်၊ ရေအောက်ကေဘယ်လ် ဆက်သွယ်ရေးစနစ်၊ နယ်စပ်ဖြတ်ကျော် ဆက်သွယ်ရေးစနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးချန်နယ်ပေါင်း ၂၆၂၁ခုရှိ။ ဒါ့အပြင် လက်ရှိ မြန်မာနိုင်ငံနှင့် ဆက်သွယ်ထားတဲ့ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနိုင်ငံများမှတစ်ဆင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ၁၂၃ ထပ်မံတိုးချဲ့ဖို့ ဆောင်ရွက်နေ။

တိုးတက်ဖြစ်ထွန်း

ကျွန်တော်တို့ ကျေးလက်တောရွာတွေဆီ တာဝန်နဲ့ ရောက်သွားတဲ့အခါ ကျေးလက်ဟုသာဆိုပါတယ် တယ်လီဖုန်းစခန်း၊ စာပို့စခန်းငယ်တွေကို ကျေးရွာတိုင်းမှာတွေ့လိုက်ရပါတယ်။ ဒါတွေဟာ တပ်မတော်အစိုးရလက်ထက် တိုးတက်ဖြစ်ထွန်းလာတဲ့ မြန်မာ့ဆက်သွယ်ရေးကဏ္ဍမြင်ကွင်းတွေပဲ ဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဆောင်ရွက်ချက်တွေဟာ အချိန်တိုကာလအတွင်း ဖြစ်ထွန်းလာတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ဖြစ်ပေါ်ရေးအတွက် ဆက်သွယ်ရေးကဏ္ဍရဲ့ ထူးခြားတဲ့ အောင်မြင်မှု သမိုင်းမှတ်တိုင်သစ်တွေဖြစ်သလို အနာဂတ်ကာလ ဆက်သွယ်ရေးကဏ္ဍသစ်ကိုလည်း ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ။

၂၀၀၉ခုနှစ်အတွင်း ပြည်နယ်နှင့်တိုင်းအလိုက် ဆက်သွယ်ရေး ကဏ္ဍတိုးချဲ့နိုင်မှု အခြေအနေ

စဉ်	အမည်	တည်နေရာဒေသ	ဖွင့်လှစ်သည့်နေ့
၁	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ကံမတိုက်နယ်	၄-၁-၂၀၀၉
၂	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	မကွေးတိုင်း၊ ပေါက်မြို့	၄-၁-၂၀၀၉
၃	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်	၁၈-၃-၂၀၀၉
၄	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ချင်းပြည်နယ်၊ မင်းတပ်မြို့	၂၁-၃-၂၀၀၉
၅	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ချင်းပြည်နယ်၊ မတူပီမြို့	၂၂-၃-၂၀၀၉
၆	ယာဉ်တင် (CDMA-450) တယ်လီဖုန်းစနစ်	စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်	၁၉-၃-၂၀၀၉
၇	ယာဉ်တင်တယ်လီဖုန်း (CDMA-450 MHz)စနစ်	ရခိုင်ပြည်နယ်၊ စစ်တွေမြို့	၂၀-၅-၂၀၀၉
၈	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	စစ်ကိုင်းတိုင်း၊ မော်လူးမြို့	၂၇-၆-၂၀၀၉
၉	ယာဉ်တင်တယ်လီဖုန်း (CDMA-450 MHz)စနစ်	စစ်ကိုင်းတိုင်း၊ မိုးညှင်းမြို့	၂၈-၆-၂၀၀၉
၁၀	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း	ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်	၂၇-၇-၂၀၀၉
၁၁	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း နှင့် (CDMA-450)အိတ်ချိန်းဖွင့်	ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းကျေးရွာ	၂-၈-၂၀၀၉
၁၂	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံး နှင့် ရေဒီယိုကြေးနန်းရုံး(စစ်ဆေး)	ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်၊ ဟိုပန်မြို့	၄-၉-၂၀၀၉
၁၃	ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်	ကချင်ပြည်နယ်၊ တနိုင်းမြို့	၇-၈-၂၀၀၉
၁၄	အော်တိုတယ်လီဖုန်းတိုးချဲ့တပ်ဆင်	မကွေးတိုင်း၊ ရေစကြိုမြို့နယ်	၈-၁၀-၂၀၀၉
၁၅	တယ်လီဖုန်းရုံ (၆၅)ဖွင့်လှစ်ထား	ရှမ်းပြည်နယ် (အရှေ့ပိုင်း)	၁၂-၁၀-၂၀၀၉
၁၆	KY-100 XM အမျိုးအစား လိုင်း ၄၀၀ပါ အော်တိုအိတ်ချိန်း	ရှမ်းပြည်နယ် (အရှေ့ပိုင်း)	၂၂-၁၀-၂၀၀၉
၁၇	ယာဉ်တင်တယ်လီဖုန်း (CDMA-450) စနစ်ဖွင့်ပွဲ	ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ ဆိပ်မူကျေးရွာ	၂၆-၁၀-၂၀၀၉
၁၈	ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ဖွင့်	ကချင်ပြည်နယ်၊ ဖားကန့်မြို့ ဆားမော်ကျေးရွာ	၂၆-၁၀-၂၀၀၉

မိုက္ကရိုဝေ့ဗ်
ဆက်သွယ်ရေးစခန်း

ပြည်ထောင်စု တစ်ဝန်းသို့ ဆက်သွယ်နိုင်သည့် ကယားပြည်နယ် လွိုင်ကော်မြို့ မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း····။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ဆက်သွယ်ရေးကဏ္ဍတိုးချဲ့မည့် လုပ်ငန်းလျာထားချက်

စဉ်	အမျိုးအစား	၂၀၁၀-၂၀၁၁လျာထားချက်
၁	အော်တိုတယ်လီဖုန်း	၄၀၀၀၀လိုင်း
၂	မိုဘိုင်းလ်ဖုန်း	၁၃၀၀၀၀လိုင်း
၃	အော်တိုစီမံကိန်းလုပ်ငန်းများ	၇၀ ခု (လိုင်းအင်အား ၃၆၉၁၄လိုင်း)
၄	အဝေးဆက်သွယ်ရေး	မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ၁၂၃

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောတက္ကသိုလ် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၅

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ သစ်တောတက္ကသိုလ်သို့ရောက်ရှိပြီး အလျား ပေ ၂၆၀၊အနံ ၄၄ပေရှိ နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ယူဆောက်လုပ်နေသည့် Diamond Mercury ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်လွင်တို့က ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ စာသင်ဆောင်အသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် သစ်တောတက္ကသိုလ်အစည်းအဝေးခန်းမသို့ ရောက်ရှိလာရာ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးက သစ်တောတက္ကသိုလ်နှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။ (ယာပုံ) (သတင်းစဉ်)

ရန်ကုန်ဟိုက်စကူး ကျောင်းသားကျောင်းသူဟောင်းများ (၃၂) ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

၁၉၄၅မှ ၁၉၆၅ခုနှစ် စစ်ပြီးခေတ်ကာလ ရန်ကုန်ဟိုက်စကူး ကျောင်းသားကျောင်းသူဟောင်းများ၏(၃၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၇ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက (၁)လသာ ဗဟိုစံပြခန်းမဆောင်၌ ကျင်းပရန်စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ တက်ရောက်မည့် အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဆက်သွယ်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးငွေဝင်း ဖုန်း-၅၃၄၉၄၀၊ ဦးဝင်းလှိုင် ဖုန်း-၅၄၉၀၇၀၊ ဦးအောင်ကြွယ်၊ ဦးဉာဏ်ထွန်း ဖုန်း-၅၁၄၈၉၈၊ ဦးအောင်လွင် ဖုန်း-၂၉၀၅၀၁၊ ဒေါ်အန္တိ ဖုန်း-၅၅၆၂၁၇နှင့် ဒေါ်ရင်ရင်ကြည် ဖုန်း-၂၂၇၂၁၈၊ ၂၂၆၁၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တောင်ငူမီးသတ်စခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအကြောင်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တောင်ငူ၌ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဒီဇင်ဘာ ၃၀ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဖြည့်ဆည်း

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် တောင်ငူမြို့ရှိ ဇေယျာသီရိ မိဘမဲ့ အမျိုးသမီးဂေဟာနှင့် လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း (တောင်ငူ)နှင့် မီးသတ်စခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၆-၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနှားဝင်
၇:၄၅	၇။	**ဆိုကာ၊ရေး၊တီးပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မေးမြန်းစူးစမ်း
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၉။	ကျန်းမာသုတ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	Mail Box
၆:၄၅	၁၄။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်**(အပိုင်း-၁)
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၈)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အိုင်စီတီသုတ
	၂၁။	ရယ်ရွှင်စရာဟာသပဒေသာ **နှစ်ဦးနှစ်ဖက်** သရုပ်ဆောင်-ပေါ်လေး၊ကင်းကောင်၊ဖိုးကျော်၊မိုးခန့်၊ချစ်စု၊အေးမြတ်သူ၊ကစ်ကစ် ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၈)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံ အကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်-

ဂျပန်နိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အာကီဟီတိုထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားများအားလုံး ပျော်ရွှင်ချမ်းမြေ့ကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန်အတွက်လည်း ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် ယူခီအိုဟတိုယာမထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂျပန်အစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပါကြောင်း၊ မြန်မာနိုင်ငံဆက်လက်ဖွံ့ဖြိုး တိုးတက်စေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာခဆုယအိုခဒထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ကမ္ဘောဒီးယားနိုင်ငံ

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက် အာခါမိုနာဆီနာပါတိုင်းတဲ့ချိုဟွန်ဆင်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသားအားလုံးအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံ၏ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးကို ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို နီးနီးကပ်ကပ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၄ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသားအားလုံးအား ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်လည်းကောင်း၊ မြန်မာနိုင်ငံသားများ ပျော်ရွှင်ချမ်းမြေ့စေရန်လည်းကောင်း ဆုမွန်ကောင်းများ ပို့သပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာကင်ယုံအီးထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှု ခိုင်မြဲအောင် ဆက်လက်ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ နယ်ပယ်ကဏ္ဍစုံတွင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပတ်ယွီချမ်းထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

သက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co.,Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် Denk Pharma Cup- တတိယအကြိမ် သက်ငယ်တန်းတံခွန်စိုက်ရေကူးပြိုင်ပွဲကို ယမန်နေ့ နံနက် ၈နာရီက ရန်ကုန်မြို့ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲများတွင် အနိုင်ရရှိကြသော ပြိုင်ပွဲဝင်အားကစားသမားများအား တာဝန်ရှိသူအသီးသီးက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အမှတ်ပေါင်း ၈၆မှတ်ဖြင့် ပဉ္စမဆုရ ကန်တော်ကြီးအသင်းအား မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းကြိုင်က ဆုကြေးငွေကျပ် ငါးသောင်း၊ ၁၃၁မှတ်ဖြင့် စတုတ္ထဆုရ ကုက္ကိုင်းရေကူးအသင်းအား မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အမှုဆောင် ဒေါက်တာ ဇော်ထွန်းအေးက ဆုကြေးငွေကျပ် တစ်သိန်း၊ ၂၈၆မှတ်ဖြင့် တတိယဆုရ ရန်ကုန်(က) ရေကူးအသင်းအား အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ဆုကြေးငွေကျပ် နှစ်သိန်း၊ ၃၀၉မှတ် ဖြင့် ဒုတိယဆုရ Hard Body အသင်းအား T.T.O Trading Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်းဦးက ဆုကြေးငွေကျပ် သုံးသိန်း၊ ၃၂၆မှတ်ဖြင့် ပထမဆုရ I.L.B.C (က) ရေကူးအသင်းအား ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က ဆုကြေးငွေကျပ် လေးသိန်းနှင့် အတွင်းရေးမှူး ဦးကျော်ဦးက ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။ ***(မြန်မာ့အလင်း)***

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

ဆယ်စုနှစ်အတွင်း အကောင်းဆုံးသွင်းဂိုး ၁၀ဂိုး

ရေးသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၅

ဆယ်စုနှစ်အတွင်း ကျင်းပခဲ့သည့် ဘောလုံးပြိုင်ပွဲများ၌ အကောင်းဆုံးသွင်းယူခဲ့သည့် ဂိုး ၁၀ဂိုးကို သည်ဆန်းအားကစားဝက်ဘ်ဆိုက်က ရွေးချယ်ကာ ဇန်နဝါရီ ၅ရက်၌ သတင်းထုတ်ပြန်လိုက်သည်-

အကောင်းဆုံးသွင်းဂိုး

၂၀၀၂ခုနှစ် မတ်၂ရက်က ယှဉ်ပြိုင်ကစားခဲ့သော နယူးကာဆယ်နှင့် အာဆင်နယ်တို့၏ ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ် တောင်ပံကစားသမားဒင်းနစ်ဘားကင့် သွင်းယူခဲ့သော ဂိုးကို ဆယ်စုနှစ်အတွင်း အကောင်းဆုံးသွင်းဂိုးအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။ ယင်းပွဲ၌ အာဆင်နယ်တို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

ဒုတိယအကောင်းဆုံးသွင်းဂိုး

၂၀၀၀ပြည့်နှစ် အောက်တိုဘာ ၁ရက်က အာဆင်နယ်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ အာဆင်နယ်တိုက်စစ်မှူး အွန်နရီက ဘယ်ညာခြေနှစ်ဖက်ကို မျက်လှည့်ပြသလို လှုပ်ရှားပြီး လျှပ်တစ်ပြက် ကန်သွင်းယူခဲ့ရာ မန်ယူဂိုးသမားဘားသက်ဇ် ခေါင်းပေါ်မှ ကျော်ဝင်သွားခဲ့သော ဂိုးကို ရွေးချယ်ခဲ့သည်။

တတိယအကောင်းဆုံးဂိုး

၂၀၀၂ခုနှစ် ဇန်နဝါရီ ၁၆ရက်က ယှဉ်ပြိုင်ကစားခဲ့သော အက်ဖ်အေဖလား တတိယ အဆင့်ပြိုင်ပွဲအဖြစ် ချယ်လ်ဆီးနှင့် နော့ဝှစ်တို့ပွဲ၌ ချယ်လ်ဆီးကစားသမားဇိုလာ ကန်သွင်းယူခဲ့သည့် ဂိုးကို ရွေးချယ်ခဲ့သည်။ ယင်းဂိုးမှာ ထောင့်ကန်ဘောမှတစ်ဆင့် ဇိုလာကန်သွင်းခဲ့သည့် ဂိုးဖြစ်သည်။

စတုတ္ထအကောင်းဆုံးဂိုး

၂၀၀၉ခုနှစ် ဧပြီ ၁၅ရက်က ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ပေါ်တိုနှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားသည့် ပွဲ၌ ၃၅ကိုက်အကွာမှ

စီရိုနယ်ဒို ကန်သွင်းချက်

ဆယ်စုနှစ် စတုတ္ထ အကောင်းဆုံး သွင်းဂိုးကို စီရိုနယ်ဒို ပေါ်တိုဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။

စီရိုနယ်ဒို ကန်သွင်းယူခဲ့သည့် ဂိုးကို စတုတ္ထအကောင်းဆုံးဂိုးအဖြစ် ရွေးချယ်ခဲ့သည်။ ယင်းဂိုးသည် ၂၀၀၉နှစ် ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံးဂိုးအဖြစ် ရွေးချယ်ခံခဲ့ရသည့် သွင်းဂိုးလည်းဖြစ်သည်။

ပဉ္စမအကောင်းဆုံးဂိုး

၂၀၀၀ပြည့်နှစ် ဩဂုတ် ၁၉ရက်က ယှဉ်ပြိုင်ကစားခဲ့သော ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်၌ ချယ်လ်ဆီးမှ စတန်နစ် ကိုက် ၄၀အကွာမှ ကန်သွင်းယူခဲ့သော ဂိုးကို ပဉ္စမမြောက် အကောင်းဆုံးဂိုးအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။

ဆဋ္ဌမအကောင်းဆုံးဂိုး

၂၀၀၀ပြည့်နှစ် မတ် ၂၆ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဝက်စ်ဟမ်းနှင့် ဝင်ဘယ်ဒန်အသင်းတို့ပွဲတွင် ဝက်စ်ဟမ်းမှ ကာနီရိုလေထဲ၌ ခုန်ပျံကာ နှစ်ဆင့်ကန်သွင်း ယူခဲ့သောဂိုးကို ဆဋ္ဌမ အကောင်း ဆုံးဂိုးအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။

သတ္တမအကောင်းဆုံးဂိုး

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သော စပါးနှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်အတွက် တိုက်စစ်မှူး အဒီဘာယော ကန်သွင်းယူခဲ့သည့် ဂိုးကို သတ္တမအကောင်းဆုံး ဂိုးအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။ ယင်းဂိုးသည် အဒီဘာယော တစ်ဦးတည်း ထိုးဖောက် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

အဋ္ဌမအကောင်းဆုံးဂိုး

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၂ရက်က ယှဉ်ပြိုင်ကစားခဲ့သော ပို့စ်မောက်နှင့် ဟူးလ်စီးတီးတို့ပွဲတွင် ပို့စ်မောက်အတွက် ဂလင်းဂျွန်ဆင် ကန်သွင်းယူခဲ့သည့် ဂိုးကို အဋ္ဌမအကောင်းဆုံး ဂိုးအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။ ယင်းဂိုးသည် ပို့စ်မောက်အသင်းအတွက် ၂၀၀၈ခုနှစ်အတွင်း အကောင်းဆုံးဂိုး အဖြစ်လည်း သတ်မှတ်ခံရသည်။

နဝမအကောင်းဆုံးဂိုး

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၂ရက်က ယှဉ်ပြိုင်ကစားခဲ့သော စတုတ်နှင့် ဝီဂန်တို့၏ ပရီမီယာလိဂ်ပွဲစဉ်တွင် ဝီဂန် နောက်ခံလူ ဖီဂီရိုရာ ကန်သွင်းခဲ့သည့် အလွတ်တည်ကန်ဘောကို နဝမအကောင်းဆုံးဂိုးအဖြစ် သတ်မှတ်ခဲ့သည်။

ဒသမအကောင်းဆုံးဂိုး

၂၀၀၉ခုနှစ် မေ ၅ရက်က အာဆင်နယ်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုကန်သွင်းယူခဲ့သည့် အလွတ်တည်ကန်ဘောကို ဒသမအကောင်းဆုံးဂိုးအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။

ကိုးကား-အင်တာနက်

နည်းပြအာစင်ဝင်းဂါး ဖလားများမျှော်မှန်း

လန်ဒန် ဇန်ဝါရီ ၅

အက်ဖ်အေဖလား တတိယအကျော့ပွဲတွင် ဝက်စ်ဟမ်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ပြီးနောက် ဖလားများဆွတ်ခူးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အာဆင်နယ် နည်းပြဝင်းဂါးကထုတ်ဖော် ဖွင့်ဟလိုက်သည်။

တတိယနေရာ

အာဆင်နယ်တို့ အက်ဖ်အေဖလား စတုတ္ထအကျော့ပြိုင်ပွဲတွင် စတုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းနောက် ဖေဖော်ဝါရီလတွင် ပေါ်တိုနှင့် ချန်ပီယံလိဂ်ကစားရမည်ဖြစ် သည်။ ပရီမီယာလိဂ်တွင်လည်း တတိယ နေရာတွင်ရှိနေသည်။

တစ်မှတ်သာ

အာဆင်နယ်အသင်းသည် လာမည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ဇန်နဝါရီ ၆ရက် ဘော်လ်တန်အသင်းနှင့်ယှဉ်ပြိုင်ကစားရာတွင် အနိုင်ရခဲ့လျှင် ထိပ်ဆုံးမှ ချယ်လ်ဆီးနှင့် တစ်မှတ်သာကွာခြားမှုရှိတော့မည်။

(အင်တာနက်)

ဘန်လေနည်းပြ ကွိုင်းလီ ဘော်လ်တန်သို့ ပြောင်းရွှေ့ဖွယ်

လန်ဒန် ဇန်နဝါရီ ၅

နည်းပြ ကွိုင်းလီသည် ဘော်လ်တန်သို့ ပြောင်းရွှေ့ရန် ဆွေးနွေးနေပြီဖြစ်ကြောင်း ဘန်လေက အတည်ပြုပြောကြားသည်။

အသက် ၄၃နှစ်ရှိ စကော့တလန်နိုင်ငံသား ကွိုင်းလီသည် အထက်ပါကိစ္စနှင့် စပ်လျဉ်းပြီး ဘန်လေ ဥက္ကဋ္ဌ ဘာရီကီဘေးနှင့် ဆွေးနွေးလျက် ရှိသည်။ ဘော်လ်တန်အသင်းသည် ပြီးခဲ့သော သီတင်းပတ်က နည်းပြဂါရီ မက်ဆင်ထွက်သွားပြီးနောက် နည်းပြသစ် တစ်ဦး အမြန်ရှာဖွေနေသည်။

အသက် ၅၀ရှိ နည်းပြ မက်ဆင်သည် ဘော်လ်တန်အသင်းကို နှစ်နှစ်ခွဲကြာ ကိုင်တွယ်ခဲ့သည်။ ယခုနှစ် ဘောလုံးရာသီတွင် တန်းဆင်းဇုန်အတွင်း ရုန်းထွက်ရန် ကြိုးစားနေရသဖြင့် နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။ အကယ်၍ ဘန်လေနည်းပြ ကွိုင်းလီသည် ဘော်လ်တန်သို့ ပြောင်းရွှေ့ခဲ့လျှင်စာချုပ်အရ ဘန်လေကို ပေါင်သုံးသန်း လျော်ကြေး ပေးရဖွယ်ရှိသည်။

(အင်တာနက်)

ဂျပ်စတင်းဟေနင် တင်းနစ်လောကသို့ ပြန်လာပြီ

ဘရစ္စဘိန်း ဇန်နဝါရီ ၅

ဘယ်လ်ဂျီယံတင်းနစ်မယ် ဂျပ်စတင်းဟေနင်သည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်း၌ အင်တာနေရှင်နယ် တင်းနစ်ပြိုင်ပွဲ အဖွင့်ပွဲတွင် ရုရှားတင်းနစ်မယ် နာဒီယာပီထရိုဗာအား အနိုင်ရလိုက်ပြီးနောက် ကြေးစား တင်းနစ်လောကသို့ အောင်မြင်စွာ ပြန်လာပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြား လိုက်သည်။

ဆွတ်ခူးနိုင်

သူမသည် ၂၀၀၈ခုနှစ်မေလက တင်းနစ်လောကမှ အနားယူခဲ့ပြီးနောက် ယင်းအနိုင်ပွဲသည် ပထမဆုံးသော အနိုင်ပွဲဖြစ်သည်။ ပြိုင်ပွဲတွင် ဂျပ်စတင်းဟေနင်က ပီထရိုဗာအား ၇-၅၊ ၇-၅ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ၄င်းသည် ဂရင်းဆလမ်ဖလား ခုနစ်လုံးဆွတ်ခူး နိုင်ခဲ့သော ချန်ပီယံဟောင်းဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

ကွင်းလယ်ကစားသမား ရိုဆစ်စကီးအား အာဆင်နယ်စာချုပ်သစ် ထပ်မံချုပ်ဆို

လန်ဒန် ဇန်နဝါရီ ၅

အာဆင်နယ်က ချက်လက်ရွေးစင် ကွင်းလယ်ကစားသမား သောမတ်စ်ရိုဆစ်စကီးအား စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။ အသက် ၂၉နှစ်ရှိ ရိုဆစ်စကီးသည် ၂၀၀၆ခုနှစ် မေလက ဒေါ့မွန်ကလပ်မှ အာဆင်နယ်သို့ ပြောင်းရွှေ့ခဲ့ပြီး ပွဲပေါင်း ၇၆ ပွဲ ပါဝင်ကစားခဲ့ရာ ၁၄ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သူသည် တံကောက်ကြောနှင့် ဒူးခေါင်းဒဏ်ရာများကြောင့် ၁၈လကြာ အနားယူခဲ့ပြီးနောက် ပြန်လည်ပါဝင်ကစားရန် ကြိုးစားလျက်ရှိသည်။

ရိုဆစ်စကီးသည် ၂၀၀၉ခုနှစ် မေလ နောက်ပိုင်း ဗန်ပါစီ၊ ဒီယာဘိုင်၊ ဝေါကော့ကဲ့သို့ အမာခံကစားသမားများကို စာချုပ် သက်တမ်းတိုးခဲ့ရာတွင် ၁၅ဦးမြောက် စာချုပ်သက်တမ်းတိုးခဲ့သော ဘောလုံးသမားဖြစ်သည်။ **(အင်တာနက်)**

ဟိုလီဖီးနှင့် ဘိုသာတို့ လက်ဝှေ့ပွဲရက်ရွှေ့ဆိုင်း

ကမ်ပါလာ ဇန်နဝါရီ ၅

အီဗန်ဒါ ဟိုလီဖီးနှင့် ဖရန့်ကွဲ့ကစ် ဘိုသာတို့၏ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် (ဒဗလျူဘီအက်ဖ်) ချန်ပီယံခါးပတ်လုပွဲကို ဖေဖော်ဝါရီ ၂၀ရက်သို့ ရွှေ့ဆိုင်းလိုက်သည်။

ယင်းတို့နှစ်ဦးသည် မူလက ဇန်နဝါရီ ၁၆ ရက်တွင် ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့ နမ်ဘိုး အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားကြသည်။

သို့သော်လည်း ပြိုင်ပွဲကျင်းပသူများက ၄င်းလက်ဝှေ့ပွဲကို ပြည်သူများ ပိုမိုကြည့်ရှုခွင့်ရရှိရန် ရက်ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်။ အသက် ၄၇နှစ်ရှိ ဟိုလီဖီးသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလက ရုရှားလက်ဝှေ့သမား ဗလုယက်အား ဒဗလျူဘီအေ ချန်ပီယံ ခါးပတ် လွှဲပြောင်းပေးခဲ့ပြီးနောက် တစ်ပွဲမျှ မထိုးခဲ့ရသေးချေ။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် စုစည်းသည်

ရိုဒရီဂူယက်ဇ်အား ဘင်နီတက်ဇ် အငှားစာချုပ်လို

လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် ယခုဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် အက်သလက်တီကို မက်ဒရစ် တောင်ပံကစားသမား ရိုဒရီဂူယက်ဇ်အား ကနဦး နှစ်တိုအငှားစာချုပ်ဖြင့် အန်ဖီးလ်သို့ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ဒေးလီးမေးလ်က ဖော်ပြသည်။

စပါးက ရိုဒရီဂူယက်ဇ်ကို လီဗာပူးနှင့် အပြိုင်ခေါ်ယူဖွယ်

စပါးအသင်းသည် ဒေးဗစ်ဘင့်တလေအား အငှားစာချုပ်ဖြင့် ငှားရန် ကမ်းလှမ်းလျက် အက်သလက်တီကိုမက်ဒရစ် တောင်ပံကစားသမား ရိုဒရီဂူယက်ဇ်အား ခေါ်ယူရေး လီဗာပူးနှင့်အပြိုင်ကြိုးစားဖွယ်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဘာမင်ဂမ်က ရိုင်ယန်ဘာဘယ်လ်အားခေါ်ယူဖွယ်

ဘာမင်ဂမ်အသင်းသည် အပြောင်းအရွှေ့ရာသီတွင် လီဗာပူးမှ ဟော်လန်တောင်ပံကစားသမား ရိုင်ယန်ဘာဘယ်လ်အား ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့် ကမ်းလှမ်းခေါ်ယူဖွယ်ရှိသည်။

တိုက်စစ်မှူး ပက်ဇီနီအားခေါ်ယူရန် ချယ်လ်ဆီးကမ်းလှမ်း

ချယ်လ်ဆီးအသင်းသည် ဆမ့်ဒိုးရီးယားအသင်းမှ အီတလီတိုက်စစ်မှူး ဂီအမ်ပါအိုလိုပက်ဇီနီအား ပေါင်၂၂သန်းဖြင့်ခေါ်ယူရန် ဆက်သွယ်ခဲ့ကြောင်း၊ သို့သော်လည်း ချယ်လ်ဆီးအသင်းအနေဖြင့် အသက်၂၅ နှစ်ရှိ ပက်ဇီနီအား လက်ကျန်ဘောလုံးရာသီကုန်ဆုံးသည်အထိ ဆမ့်ဒိုးရီးယားသို့ အငှားပြန်လည်ချထားမှ ဆမ့်ဒိုးရီးယားအသင်းက ပက်ဇီနီအား အသင်းမှထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ဗီအဲရာအား မန်စီးတီးခေါ်ယူရေး နီးစပ်

မန်စီးတီးအသင်းသည် ၂၀၀၅ခုနှစ်တွင် ပရီမီယာလိဂ်အသင်း အာဆင်နယ်မှ ဂျူဗင်းတပ်စ်သို့ထွက်ခွာခဲ့သော ပြင်သစ်ကွင်းလယ်ကစားသမား ဗီအဲရာအား မန်စီးတီးသို့ခေါ်ယူရေး နီးစပ်လာပြီ ဖြစ်ကြောင်း ဒေးလီးမေးလ်ကဖော်ပြသည်။

ဝက်စ်ဟမ်းနှင့် ဘော်လ်တန် ဂိုမက်စ်အား အပြိုင်ခေါ်

ဝက်စ်ဟမ်းအသင်းနှင့် ဘော်လ်တန်အသင်းတို့သည် ဘင်ဖီကာအသင်းတွင် နေရာမရဖြစ်နေသော ပေါ်တူဂီတိုက်စစ်မှူး နူနိုဂိုမက်ဇ်အား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက် ရှိကြကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

စတုတ်မှ ဟုသ်အား ဝက်စ်ဟမ်းနည်းပြဇိုလာ အကဲခတ်

ဝက်စ်ဟမ်းနည်းပြ ဇိုလာသည် စတုတ်စီးတီး ဗဟိုခံစစ်မှူး ရောဘတ်ဟုသ်အား စုံစမ်းလေ့လာအကဲခတ်မှုများ ပြုလုပ်ပြီးနောက် လက်ရှိဝက်စ်ဟမ်းခံစစ်မှူး မက်သရူးအပွဆန်အား အသင်းမှအချိန်ကိုက် ထွက်ခွာခွင့်ပြုဖွယ်ရှိကြောင်း သည်ဆန်းသတင်း၌ ဖော်ပြသည်။

တိုက်စစ်မှူးကစ်ဆန်အား ဆဲလ်တစ်က အငှားစာချုပ်ရန် ကမ်းလှမ်း

ဆဲလ်တစ်အသင်းသည် စကော့တလန်ပရီမီယာလိဂ်သရဖူ ရရှိရေးအတွက် အရှိန်မြှင့်ရန် စတုတ်တိုက်စစ်မှူး ဒေ့ဗ်ကစ်ဆန်အား အငှားစာချုပ်ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း စကော့တစ်ဆန်းက ဖော်ပြသည်။

တိုက်စစ်မှူးအိုကာကာအား ဖူလ်ဟမ်က အငှားစာချုပ်ရန်စီစဉ်

ရှီးမားတိုက်စစ်မှူး စတီဖာနီအိုကာကာသည် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း ၄င်း၏ အေးဂျင့်က ဖွင့်ဟပြောကြားခဲ့ပြီးနောက် ၄င်းအား ဖူလ်ဟမ်က အငှားစာချုပ် ခေါ်ယူရန် စီစဉ်နေကြောင်း သည်ဆန်းသတင်း၌ ဖော်ပြသည်။

မာ့ခ်ဟုချ်အား တူရကီအသင်းက နည်းပြအဖြစ်ကမ်းလှမ်း

မန်စီးတီးနည်းပြဟောင်း မာ့ခ်ဟုချ်အား တူရကီလက်ရွေးစင်အသင်းက နည်းပြအဖြစ် တာဝန်ပေးရန် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ရှက်ဖီးလ်နည်းပြရာထူး စိတ်မဝင်စားဟု အလန်ရှီးယားဆို

နယူးကာဆယ်တိုက်စစ်မှူးဟောင်း အလန်ရှီးယားက ရှက်ဖီးလ် ဝက်နက်စ်ဒေးအသင်းတွင် လစ်လပ်နေသောနည်းပြနေရာကို ၄င်းအနေဖြင့် စိတ်ဝင်စားမှုမရှိဟု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

လိုင်ယွန်တိုက်စစ်မှူး ပစ်ကွီယွန်နီအား မိုယက်စ်ခေါ်ယူလို

ဘလက်ဘန်း၊ လီဗာပူးနှင့်အက်စ်တွန်ဗီလာတို့က ခေါ်ယူရန်စိတ်ဝင်စားနေပြီး လက်ရှိ ပို့စ်မောက်အသင်းတွင် အငှားစာချုပ်ဖြင့် ကစားနေသူ လိုင်ယွန်တိုက်စစ်မှူး ဖရက်ဒရစ်ပစ်ကွီယွန်နီအား အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က ခေါ်ယူလိုကြောင်း ဒေးလီးမေးလ်က ဖော်ပြသည်။

● *ကျောဖုံးမှ*

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အမှတ်(၂) သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက ကံပေါက်သတ္တုမိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ DELCO ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဦးက လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် DELCO ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာတို့က လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး **(အပေါ်ပုံ)** အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ဝန်ကြီးဌာန ခွင့်ပြုမိန့်ကိုလည်းကောင်း DELCO ကုမ္ပဏီလီမိတက် အမှုဆောင်ဒါရိုက်တာထံ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ်၌ လွတ်လပ်ရေးနေ့ ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကျင်းပ

လှည်းကူး ဇန်နဝါရီ ၅

လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေး ဌာနတို့ ပူးပေါင်းကျင်းပသည့် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဟောပြောပွဲ၊ စာအုပ်နှင့် ဓာတ်ပုံပြပွဲများကို ဇန်နဝါရီ ၁ရက် နံနက် ၁၀နာရီက အထက (လှည်းကူး) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လှည်းကူးမြို့နယ် လက်ထောက်ပညာရေးမှူးနှင့် အထက (လှည်းကူး) မှ ကျောင်းအုပ်ဆရာကြီးတို့က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှည်းကူး မြို့နယ် ဦးစီးမှူး ဒေါ်စုစုလှိုင်က 'စာပေဖတ်ရှုလေ့လာခြင်း၏ အကျိုးကျေးဇူး' ခေါင်းစဉ်ဖြင့် ဟောပြောကာ ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဒေါ်ဖြူဖြူက 'အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး' ခေါင်းစဉ် ဟောပြောသည်။ ထို့နောက် စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲများကို ဆက်လက်ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ တနင်္သာရီတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၆ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများ တွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

○ *ကျောဖုံးမှ*

ကျင်းပ

ထို့ကြောင့်ပင် နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ကြီးမှူးပြီး တတိယအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက် **(ယနေ့)** မှ ဇန်နဝါရီ ၁၀ရက်အထိ နေပြည်တော် ပျဉ်းမနား အောင်မင်္ဂလာ ကားကွင်း၌ ကျင်းပမည် ဖြစ်သည်။

တွေ့ဆုံမေးမြန်း

မြန်မာ့အလင်းသတင်းအဖွဲ့သည် အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြပွဲ ပြိုင်ပွဲ ခင်းကျင်းပြသမည့် နေပြည်တော်ပျဉ်းမနား အောင်မင်္ဂလာ ကားကွင်းသို့ သွားရောက်ကာ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာန နေပြည်တော် ခရိုင်ဦးစီးမှူး ဦးစိန်ဝင်းလှိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

အသိပညာပေး

"ကျွန်တော်တို့ နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီအနေဖြင့် နေပြည်တော်ရှိ မြို့ငါးမြို့သို့ သွားရောက်ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲများ မကြာခဏ ပြုလုပ်ပေးလျက်ရှိသလို နေပြည်တော် ပျဉ်းမနားမှာလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲများကျင်းပပေးခဲ့သည်မှာ ယခုနှစ်ဆိုရင် တတိယအကြိမ် ရှိသွားပါပြီ။

ဒီပြပွဲမှာ နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းများ ပြခန်း၊ ယာဉ်ထိန်းတပ်ဖွဲ့ ပြခန်း၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြခန်း၊ နေပြည်တော် စည်ပင် ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်း၊ ပညာရေးဌာန ပြခန်း၊ စက်မှု(၂)ဝန်ကြီးဌာန ပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြခန်း၊ စက်မှုဇုန်အသီးသီးမှ မော်တော်ယာဉ်များ ထုတ်လုပ်ရောင်းချမှု ပြခန်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများပြခန်း၊ လယ်ယာသုံး စက်ကိရိယာ ပြခန်းများ၊ ဝင်းသူဇာ အရောင်းဆိုင် ပြခန်းများ ပါဝင်ပြသမှာ ဖြစ်ပါတယ်"ဟု ဦးစိန်ဝင်းလှိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ဤသို့ ပြသထားသည်။ (မြန်မာ့အလင်း)

"ဒီပြပွဲမှာ ပြိုင်ပွဲအဖြစ် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများပါဝင်ပါတယ်" ဟု ဦးစိန်ဝင်းလှိုင်က ဆက်လက်ရှင်းပြသည်။

စည်ကားသိုက်မြိုက်

အဆိုပါယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းထားကြောင်း၊ ရန်ကုန်မြို့မှ လာရောက်ဖျော်ဖြေမည့် ထက်မီဒီယာဂရုပ်မှ မော်ဒယ်လ်ရှိုး၊ ဖက်ရှင်ရှိုး၊ တေးသရုပ်ဖော်နှင့် ခေတ်ပေါ်အကများ ပါဝင်မည်ဖြစ်ကြောင်း၊ နေပြည်တော် ပျဉ်းမနားမှ လူငယ်များစုစည်းဖျော်ဖြေမည့် Damp Proof တေးဂီတနှင့် ဒေသခံတေးသံရှင်များ၊ မော်ဒယ်လ်ရှိုးများ၊ ဖက်ရှင်ရှိုးများ၊ Dancer အကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်သည်။

'ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲများလည်း ကျင်းပ ပေးနေပါတယ်။'

ဦးစိန်ဝင်းလှိုင်
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
နေပြည်တော် ခရိုင်ဦးစီးမှူး။

ကြည့်ရှုလေ့လာနိုင်

သို့ဖြစ်၍ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှု လေ့လာနိုင်ကြရန် သတင်းစကားပါးလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ထုတ်ပေးသည့် မော်တော်ယာဉ် လုပ်ငန်းလိုင်စင်များနှင့် သဘောသဘာဝများနှင့်ပတ်သက်ပြီး ခင်းကျင်းပြသထားမှု....။ (မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြခန်းလည်း ဤသို့ ပါဝင်ပြသသည်။ (မြန်မာ့အလင်း)

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်းကို ဤသို့ ခင်းကျင်းပြသထားသည်။ (မြန်မာ့အလင်း)

ငါးသိုင်းချောင်း အထက အာစရိယပူဇော်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

ငါးသိုင်းချောင်း ဇန်နဝါရီ ၃

ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့ အထက်တန်းကျောင်း အာစရိယပူဇော်ပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် ည ၇နာရီက ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ စာပေဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီကိုယ်စား ဦးတင့်လွင်က စာပေဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ကျောင်းသားဟောင်းဖြစ်သူ ဦးသန်းလွင် (သိန်းဇော်-ရွှေလီဦး)က မုဒိတာစကား ပြောကြားကာ စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီသို့ စာအုပ်များ လှူဒါန်းသည်။

စာပေဟောပြော

ထို့နောက် စာရေးဆရာများ ဖြစ်ကြသော မောင်စိန်ဝင်း (ပုတီးကုန်း)၊ အကယ်ဒမီ ဆွေဇင်ထိုက်၊ နွမ်ဂျာသိုင်းနှင့် လယ်တွင်းသားစောချစ်တို့က စာပေရေးရာများဟောပြောကြသည်။ ထို့အတူ ဒီဇင်ဘာ ၂၆ရက် နံနက်ပိုင်းတွင်လည်း အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးတို့အား ပူဇော်ကန်တော့ပွဲ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အထက(၄) သာကေတ (ယခင် အလက-၃ သာကေတ) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

အထက(၄) သာကေတ (ယခင် အလက-၃) (၈)ရပ်ကွက် သာကေတမြို့နယ်၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)နံနက်၈နာရီတွင် အလင်းရောင်ကျောင်းတိုက် ၁၀၈တောင် ဘုရားလမ်း ၁၀/တောင်ရပ်ကွက်၌ကျင်းပမည်ဖြစ်ရာ နှစ်စဉ်အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖြစ်သည်။

ပူဇော်ကန်တော့ပွဲအတွက် ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၀၃၈၉၅၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉၊ ၀၉-၅၁၀၁၁၄၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂နှင့် ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁၇၁၃၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အထက(၁)မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၅

အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ၁နာရီက ရွှေရတုသာဘင်မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆရာကြီး ဦးတင်ဖေ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အခြေခံပညာဦးစီးဌာန)က ဆီမီးဖယောင်းတိုင်နှင့် ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများက ဆီမီးတိုင်များ ထွန်းညှိကာ ကျောင်းတော်ကြီးကို ပူဇော်ကြပြီး ကွယ်လွန်ပြီးသော ကျောင်းအုပ်ကြီး ဆရာကြီးဦးမင်းဒင်၊ ဆရာမကြီး ဒေါ်ခင်အေးမြင့်နှင့် ဆရာ ဆရာမများအား မေတ္တာပို့ကြသည်။

ယင်းနောက် ဦးစန်းဝင်း(ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန)က ကန်တော့ချိုးတိုင်ပေးကာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ဂါရဝပြုကန်တော့ကြ၍ **(အပေါ်ပုံ)** ကန်တော့လက်ဆောင်များ ပေးအပ်ကြပြီးနောက် အာစရိယပူဇော်ပွဲ ထာဝရငွေပဒေသာပင်အတွက် ကျောင်းသား ကျောင်းသူဟောင်းများက ပေးအပ်လှူဒါန်းကြရာ ထာဝရငွေပဒေသာပင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးအောင်ကြည်မြင့်က လက်ခံယူကြောင်း သိရသည်။

(မြန်မာ့အလင်း)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေပြည်သာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လွတ်လပ်ရေးနေ့ စာအုပ်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို ရွှေပြည်သာမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း၌ ဇန်နဝါရီ ၁ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ရွှေပြည်သာ မြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန့်နန်းဝေက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်က အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။ အခမ်းအနားသို့ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ တက်ရောက်ကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

အခွန်ဆိုင်ရာ ပညာပေး ဆွေးနွေးပွဲ သဲကုန်းမြို့နယ်၌ ကျင်းပ

သဲကုန်း ဇန်နဝါရီ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ်၏ အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သဲကုန်းမြို့နယ်အတွင်းရှိ အခွန်ထမ်းပြည်သူများနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးကျော်ကျော်လတ်က အခွန်အရပ်ရပ် မပြေကျန်ငွေများ အရကောက်ခံခြင်း၊ စားသောက်ဆိုင် လုပ်ငန်းများနှင့် ပတ်သက်သည့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေစည်းမျဉ်းများ၊ ပြည်တွင်းအခွန်ဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်ငါးမျိုးအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ရှင်းလင်းပြောကြားသည်။ ***(မြို့နယ် ပြန်/ဆက်)***

အမက(၁၉)သာကေတ၏၂၀၀၈-၂၀၀၉ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၄ရက်က ကျင်းပရာ သင်္ချာဘာသာရပ် ထူးချွန်ဆုရစတုတ္ထတန်း(ဂ)မှ မောင်ထက်အောင်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းညွန့်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (ပညာရေး)

ကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲ ဆောမြို့၌ကျင်းပ

ဆော ဇန်နဝါရီ ၃

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ဆောမြို့ အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက် ၇နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်တို့က အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)** မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဆိုပါကတ္တရာထပ်ပိုးလွှာ လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုသည်။

အရှည်ပေ

အဆိုပါအနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်သည် အရှည်ပေ ၆၆၀၊ အကျယ် ၁၂ပေရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျိုက္ကမီအသင်း(ရန်ကုန်)၏ (၁၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၃ရက်က လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျိုက္ကမီကျောင်း၌ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းက အမှာစကားပြောကြားပြီး ပညာရည်ထူးချွန်ဆုရရှိသူများအား ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းသော အလှူ့ရှင် ဒေါ်ခင်ကြွယ် (ကုဋေကြွယ်စတိုး)က ဆုချီးမြှင့်စဉ်။ (၁၂၈)

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် သန္နွေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်စုမှူး ဦးတင်ညိုနှင့်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၃ရက်က ရပ်ကွက်နေပြည်သူများ ညွှန်ကြားချက်အတိုင်း မီးသုံးစွဲမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးစဉ်။ (၁၈၃)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ကော့သောင်းနှင့် မြိတ်မြို့ မီးသတ်စခန်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၃ရက်က ကော့သောင်းမြို့ရှိ ဆီအုန်းခြံများ မီးဘေးကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကော့သောင်းမြို့ မီးသတ်စခန်းရှိ မီးသတ်ယာဉ်/စက်များကွဲခိုင်ရေး၊ မီးငြိမ်းခြံချေတာ သုံးစွဲရေး၊ စခန်းသန့်ရှင်းသာယာလှပရေး၊ တပ်ဖွဲ့ဝင်များ၏ စည်းကမ်းသေဝပ်မှုနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများကို စစ်ဆေးခဲ့သည်။

ဒီဇင်ဘာ ၂၆ရက်က မြိတ်မြို့ ပုလဲ ရတနာခန်းမ၌ သန္တေအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြိတ်မြို့ မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်ပါအတိုင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် မှာကြားသည်။

စစ်ဆေး

ထို့နောက် ဆိပ်ငယ်ဈေး မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ ထားဝယ်စုအရန်မီးသတ်စခန်းနှင့် မြိတ်မြို့မီးသတ်စခန်းများရှိ မီးသတ်ယာဉ်၊ စက်များကွဲခိုင်ရေး၊ မီးငြိမ်းခြံချေတာသုံးစွဲရေး၊ စခန်းသန့်ရှင်းသာယာလှပရေး၊ တပ်ဖွဲ့ဝင်များ၏ စည်းကမ်းသေဝပ်မှုနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများကို စစ်ဆေးဆောင်ရွက်ခဲ့သည်။

(မီးသတ်ဦးစီး)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကတ္တရာလမ်းသစ်များ ချောက်မြို့၌ဖွင့်လှစ်

ချောက် ဇန်နဝါရီ ၁

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် အမှတ်(၇)နယ်မြေ ရွာဟောင်းရပ်ကွက် အဝင်လမ်း(၁)လမ်းနှင့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်(၂)လမ်း ဖွင့်ပွဲအခမ်းအနားကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက အဆိုပါ ကတ္တရာလမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားတွင် ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက အမှတ်(၇)နယ်မြေ ရွာဟောင်းရပ်ကွက်အဝင်လမ်း(၁)လမ်းနှင့် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်(၂)လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရွာဟောင်းရပ်ကွက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော အရှည်ပေ ၁၃၇၀ရှိ အနောက်ပိုင်းရပ်ကွက် စေတနာလမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၃၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ဆွေတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။(မြို့နယ်စည်ပင်)

စာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်ပွဲ မိုင်းရှူး၌ကျင်းပ

မိုင်းရှူး ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာတွင် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၀သိန်းဖြင့် စာကြည့်တိုက်ဆောက်လုပ်ရန် ဒီဇင်ဘာ ၁၁ရက် နံနက် ၁၀နာရီခွဲက ပန္နက်တင်ပွဲ ကျင်းပသည်။

ပန္နက်တင်

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးခင်မောင်မောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှိုင်ဘွား၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခွန်စိန်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းယဉ်နှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးကြောင်း သိရသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)



ရွှေပြည်သာ၌ ရပ်ကွက်ရုံးသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက အဆိုပါရုံးသစ်၌ ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ရွှေပြည်သာမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၃ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုများ ချီးမြှင့်ပွဲကို ယုဇနဆောင်၌ ကျင်းပရာ သတ္တမတန်း ဘက်စုံထူးချွန် ပထမဆုရ မထက်မြတ်နိုးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးထွဏ်းထွဏ်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဒီဇင်ဘာ၂၉ရက်က ၂၀၀၉ခုနှစ် နဝမအကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းခတ်ပြိုင်ပွဲတွင် အလှခတ်ခြင်းလုံးပြိုင်ပွဲ၌ ပထမတံခွန်စိုက်ဆုဖလားရရှိသော တာမွေခြင်းလုံးအသင်းအား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က တံခွန်စိုက်ဆုဖလားပေးအပ်စဉ်။ (ခြင်းလုံးအဖွဲ့ချုပ်)

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေး ဖောင်းပြင်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

မော်လိုက် ဇန်နဝါရီ ၁

မော်လိုက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်၊ ဖောင်းပြင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ဥပဒေအရာရှိ ဦးအေးမင်းတို့သည် ဒီဇင်ဘာ ၂၇ရက်က ဖောင်းပြင်မြို့နယ် ထောမကျေးရွာအုပ်စု ကိုင်းပြင်ရွာတွင် နိုင်ငံတော်မတည်ငွေပေးအပ်ပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်မတည်ငွေပေးအပ်ပြီး စာအုပ်စာစောင်များပေးအပ် လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့်အဖွဲ့သည် ကံရွာ၌စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကိုလည်းကောင်း၊ ကရာစုကျေးရွာ စာကြည့်တိုက်ဆောက်လုပ်မှုကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

တွေ့ဆုံ

ဆက်လက်၍ စစ်ကိုင်းတိုင်းဖွံ့ဖြိုးရေးရန်ပုံငွေမှ မတည်ငွေဖြင့်ဆောက်လုပ်ပြီးစီးသည့် မင်းယားကျေးရွာအုပ်စု နောင်ရင်းကျေးရွာစာကြည့်တိုက်သို့လည်းကောင်း၊ ကောက်ကွေ့၊ ပင်သာ၊ တွေ့ကျိုင်းနှင့် ညောင်ကုန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျေးရွာများရှိ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီရှိန်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ ***(ခရိုင် ပြန်/ဆက်)***

စာပေဟောပြောပွဲ မြန်အောင်၌ကျင်းပ

မြန်အောင် ဇန်နဝါရီ ၁

၁၃၇၁ခုနှစ် စာဆိုတော်နေ့အခမ်းအနားနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၉ရက် ညက မြန်အောင်မြို့ ဆန်းသစ်ဦးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ စာဆိုတော်နေ့သဝဏ်လွှာကို အဖွဲ့အတွင်းရေးမှူး ဦးမြင့်စိုး(မြင့်မောင်စိုး)က ဖတ်ကြားသည်။

ထို့နောက် မြန်မာစာပေ၏ကျေးဇူးကို အဖွဲ့ဝင်ဒေါ်တင်ရည်(နေဝန်းနီနီ-မြန်အောင်)ကလည်းကောင်း၊ စာပေပြိုင်ပွဲများ ကျင်းပခြင်းအခြေအနေကို အဖွဲ့ဝင် ဦးဌေးအောင်(ချစ်ကောင်းလတ်-မြန်အောင်)ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ချီးမြှင့်

ယင်းနောက် ၂၀၀၈-ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် စာပေဗိမာန်စာမူဆုရ ဇင်မင်း(သမိန်ထော)၊ ၂၀၀၈-စာပေဗိမာန်စာမူဆုရ ကနောင်မောင်ဆန်းသစ်၊ မြို့နယ်အတွင်း ကျင်းပသော ဝတ္ထုတို၊ ကဗျာ၊ စာစီစာကုံး ပြိုင်ပွဲများမှ ဆုရသူကိုးဦးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ မြန်မာစာဂုဏ်ထူးရသူ ခြောက်ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဟောပြော

ထို့နောက် စာရေးဆရာကြီး ဆရာမကြီးများဖြစ်ကြသော လက်ာရည်ကျော်၊ နုနုရည်(အင်းဝ)နှင့် သန်းမြင့်အောင်တို့က စာပေရေးရာဟောပြောကြသည်။

(မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မောင်တော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကမ်းနားလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ရက်က ကျင်းပရာ လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် အမှုဆောင်အရာရှိ ဦးဌေးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

လင်းခေးခရိုင် ပြန်/ဆက် ဦးစီးဌာန ဝမ်ဟတ်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံပန္နက်တင်

လင်းခေး ဒီဇင်ဘာ ၁၅

လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ဝမ်ဟတ်ကျေးရွာအဖွဲ့တို့ ပူးပေါင်းကာ နိုင်ငံတော်မှပံ့ပိုးမှုဖြင့် စာကြည့်တိုက်အဆောက်အအုံ ပန္နက်ရိုက်၊ မင်္ဂလာတိုင်ထူခြင်းနှင့် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈နာရီက ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက စာကြည့်တိုက် ဆောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ခရိုင်ဦးစီးမှူးက စာကြည့်တိုက်အတွက် နိုင်ငံတော်မှပံ့ပိုးမတည်သည့် ရန်ပုံငွေအားပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူပြီး ကျေးရွာပြည်သူများက စာကြည့်တိုက်အတွက်လှူဒါန်းသည့် အလှူငွေကျပ်ငါးသိန်းကို စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က လက်ခံယူသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌဦးကျော်ကျော်၊ ခရိုင်ဦးစီးမှူးဦးအယ်လ်စိုးထန်တူး၊ ကျေးရွာဥက္ကဋ္ဌဦးစိုင်းလုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ပန္နက်တင်ခြင်းနှင့် မင်္ဂလာတိုင်စိုက်ထူခြင်းများကို ဆောင်ရွက်ကြသည်။ (အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော သံဖြူဇရပ်မြို့မှ အနင်းကျေးရွာအထိ ဆက်သွယ်ထားသော အဓိက ကျေးလက် ကတ္တရာလမ်းပိုင်း ထပ်ပိုး လွှာခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့် ကွင်းဆင်းကြပ်မတ် ဆောင်ရွက် ပေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များဆောက်လုပ်ရေး ပုသိမ်ခရိုင်၌ ကွင်းဆင်းဆောင်ရွက်

ပုသိမ် ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းသည် မြို့နယ်ဦးစီးမှူး ဦးကျော်သူဟိန်း၊ စာထောက်-၃ ဒေါ်နှင်းယုမော်၊ ဓာတ်ပုံကျွမ်းကျင်-၂ ဦးမင်းမင်းဦးတို့လိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက်က ဟိုင်းကြီးကျွန်းမြို့အတွင်း နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ခုနစ်တိုက်ကို မြေနေရာခိုင်မာမှုရှိရေး၊ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စာငှားကတ်စနစ်ရှိပြီး သတ်မှတ်စံ (၅)ချက်နှင့်ညီညွတ်သည့် စာကြည့်တိုက်များဖြစ်လာရေးအတွက် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ (ခရိုင် ပြန်/ဆက်)

ကျောင်းသား ကျောင်းသူများအား ဖျာပုံမြို့၌ ကျောင်းဝတ်စုံများ လှူဒါန်း

ဖျာပုံ ဒီဇင်ဘာ ၂၂

စာပေနှင့်ပန်းချီအနုပညာရှင်များ၊ စာအုပ်လုပ်ငန်းရှင်များနှင့် မိတ်ဆွေများက ဆောက်လုပ်လှူဒါန်းသည့် ဖျာပုံမြို့နယ် ကျုံကူကျေးရွာအုပ်စု ကျုံကူတူးမြောင်းကျေးရွာ အမှတ်(၈၈)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူ ၂၂၆ဦးအတွက် ကျောင်းဝတ်စုံများကို ဒီဇင်ဘာ ၉ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်း အမှတ်(၄၉)နေ ဒေါ်ရန်ယုကျိန်မိသားစုနှင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ်(၇၁) ရွှေစံပါယ်အထည်ဆိုင်ပိုင်ရှင်ဦးထွန်းလွင်နှင့် ဒေါ်လှလေးနွယ်မိသားစုတို့က လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၁၃၈)

ခုခံအားကျရောဂါအကြောင်း လပွတ္တာ၌ ဟောပြော

လပွတ္တာ ဒီဇင်ဘာ ၁၅

လပွတ္တာခရိုင်လပွတ္တာမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက လပွတ္တာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူအင်အား ၂၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် လပွတ္တာမြို့နယ်လက်ထောက်ပညာရေးမှူး ဦးမိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာရဲဝင်းက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

ရေတာရှည်မြို့နယ် စာနယ်ဇင်းအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရေတာရှည် ဒီဇင်ဘာ ၃၀

ရေတာရှည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပုံမှန်မျက်နှာစုံညီအစည်းအဝေးကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၅ရက် မွန်းလွဲ ၂နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးခန်း၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ညှိနှိုင်းအစည်းအဝေးတွင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင် (စာရေးဆရာစိမ်းလန်း)ကစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)၏ မှာကြားချက်ကို ဖတ်ကြားရှင်းလင်းပြီး အတွင်းရေးမှူးဦးထွေးမောင်နှင့် စာရေးဆရာမောင်ငြိမ်းငယ်(ရေတာရှည်)တို့က မြို့နယ်ရှိအဖွဲ့ဝင်အင်အားနှင့် ရွေးချယ်ရမည့် အလုပ်အမှုဆောင်ဦးရေကိုလည်းကောင်း၊ ဦးရွှေမန်းက မျက်နှာစုံညီ အစည်းအဝေးတွင် တင်သွင်းမည့် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာမူကြမ်းကို လည်းကောင်း၊ ဦးမျိုးညွန့် (စာရေးဆရာ သိုက်နွယ်)က ဘဏ္ဍာရေးရှင်းတမ်း မူကြမ်းကိုလည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော စာရေးဆရာအဖွဲ့ဝင် သုံးဦးတို့က အကြံပြုဆွေးနွေးကြကြောင်း သိရသည်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ဟသ်ာတ အမက(၄)၌ ပညာရည်ချွန်ဆုချီးမြှင့်

ဟသ်ာတ ဒီဇင်ဘာ ၃၀

ဟသ်ာတမြို့ ညောင်ပင်ရပ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ်၏ ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၁နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်ရာ ငါးနှစ်ဆက်တိုက် အကောင်းဆုံးထူးချွန်ဆုရ စတုတ္ထတန်းမှ မခိုင်ဝါဝါကိုအား ပညာရေးမှူး ဒေါ်အုန်းနွဲ့က ထူးချွန်ဆုကို ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** ကျောင်းအကျိုးတော်ဆောင်များက ဆုရသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ (၁၇၇)

မြို့နယ် သတင်းများ

သီပေါမြို့နယ်၌ ပညာ့အလင်း စာကြည့်တိုက် ပန္နက်တင်ပွဲကျင်းပ

သီပေါ ဒီဇင်ဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စလောင်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် ပညာ့အလင်းကျေးလက်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက် နံနက် ၉ နာရီက ကျေးလက်စာကြည့်တိုက်ဆောက်လုပ်မည့် မန္တလေး-လားရှိုး ပြည်ထောင်စု လမ်းမကြီးဘေးရှိ အဆိုပါကျေးရွာစာကြည့်တိုက်ဟောင်းနေရာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ကြည်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းထွန်းသိန်းတို့က ပန္နက်တင်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံကို နိုင်ငံတော်မှပံ့ပိုးငွေကျပ် ၁၀သိန်း မတည်၍ ကျေးရွာပြည်သူများထည့်ဝင်ငွေဖြင့် အကောင်အထည်ဖော် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ *(၀၂၀)*

ကြွပ်ကြွပ်အိတ်အသုံးပြုမှုပပျောက်ရေး မိုးကောင်းမြို့နယ် စည်ပင်ဆောင်ရွက်

မိုးကောင်း ဒီဇင်ဘာ ၂၄

ကချင်ပြည်နယ်အတွင်း ကြွပ်ကြွပ်အိတ်အသုံးပြုမှု ကင်းစင်ပပျောက်ရေးစီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြွပ်ကြွပ်အိတ်အစားထိုးအသုံးပြုရန် ဖော့အိတ်များ အခမဲ့ဖြန့်ဝေခြင်း အခမ်းအနားကို ဒီဇင်ဘာ ၄ရက် နံနက် ၁၁နာရီက မြို့နယ်စည်ပင်သာယာရေးရုံးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်စိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖြန့်ဝေပေးပို့သည့် ကြွပ်ကြွပ်အိတ် အစားထိုးအသုံးပြုရန် ဖော့အိတ်များ ဖြန့်ဝေခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖော့အိတ်အကြီးအလုံး ၅၀၀နှင့် အသေးအလုံး ၅၀၀တို့ကို ဖြန့်ဝေပေးသည်။(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း
(၆၂)နှစ်မြောက်
လွတ်လပ်ရေးနေ့ ဂုဏ်ပြု

❖ နှင်းသက်ဆယ်ပြန် အဓိဋ္ဌာန်
နိုင်သစ္စာ(စိတ်ပညာ)၏ ဆောင်းပါး စာ-၆၊ ၇

❖ ပြည်ထောင်စုသားတွေနှင့် အတူရှိနေသော
မြန်မာ့လွတ်လပ်ရေး ဥက္ကလာဝင်းကြည်၏ ကဗျာ စာ-၇

❖ မျိုးဆက်သစ်လူငယ်များ ခေတ်မီနည်းပညာများ တတ်ကျွမ်းပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး အလေးထားဆောင်ရွက်ပေးနေ

❖ နည်းပညာခေတ်၏ စိန်ခေါ်မှုများကို အမီလိုက်နေသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ စွမ်းဆောင်ချက်များ
ဝင်းနိုင်၏ သတင်းဆောင်းပါး စာ-၁၊ ၈၊ ၉

❖ လွတ်လပ်တယ်ဆိုတာ....
မိုးသောက်၏ ကာတွန်း စာ-၇

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် DELCO ကုမ္ပဏီလီမိတက်တို့၏ ကံပေါက်သတ္တုတွင်းအား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၅

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် DELCO ကုမ္ပဏီလီမိတက်တို့၏ ကံပေါက်သတ္တုတွင်းအား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ DELCO ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဦး၊ အမှုဆောင်ဒါရိုက်တာ ဦးဒိန်ယိန်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပြခန်း၌ ဤသို့ ပညာပေးပြသထားသည်။ (မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ ပြိုင်ပွဲ နေပြည်တော်ပျဉ်းမနား၌ ယနေ့ စတင် ဖွင့်လှစ်ပြသပြီ

သတင်းခရီးသည်-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-လှဲ့လှဲ့ဝင်း

နေပြည်တော် ဇန်နဝါရီ ၅

ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမှာလည်း တိုးတက်ပြောင်းလဲလာလျက်ရှိသည်။

လူဦးရေ

တစ်ချိန်တည်းမှာပင် ကျေးလက်ပြည်သူများ လူမှုစီးပွားတိုးပွားလာသဖြင့် ဆိုင်ကယ်စီးနိုင်သူဦးရေ တိုးပွားလာလျက်ရှိသည်။ သို့ရာတွင် ဆိုင်ကယ်စီးသူများ မကြာခဏ ယာဉ်မတော်တဆဖြစ်ပွားမှုမှာ သတိပြုဆင်ခြင်ဖွယ်ရာပင်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❍